မြန်မာ သတင်းလွှာ

A month-in-review of events in Burma

ALTERNATIVE ASEAN NETWORK ON BURMA
campaigns, advocacy & capacity-building for human rights & democracy

အမှတ် ၇၆ ၂၀၁၃ ခု ဧပြီလ

- ရဲများ၏ရှေ့မှောက်တွင်ပင် အစွလာမ်စာသင်ကျောင်းမှ ကျောင်းသားများအား သတ်ဖြတ်ခံရမှုအပါအဝင် မန္တလေး တိုင်း၊ မိတ္ထီလာတွင် မတ်လကဖြစ်ပွားခဲ့သော ရက်စက်လှသည့်မွတ်စလင်ဆန့်ကျင်ရေး တိုက်ခိုက်မှုများ၏ အထောက်အထားများပိုမိုထွက်ရှိလာခဲ့သည်။
- ဗုဒ္ဓဘာသာအုပ်စုများကကျူးလွန်နေကြသည့် မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ ပျံ့နှံ့ဖြစ်ပေါ်နေသော်လည်း အစိုးရသည်မွတ်စလင်များအား တရားစွဲဆိုထောင်ချမှုများကိုသာ လျင်မြန်စွာပြုလုပ်လျက်ရှိသည်။
- မိတ္ထီလာမှ မွတ်စလင်ဒုက္ခသည် ၈၀၀၀ ကျော်တို့သည် သတင်းထောက်များအားဝင်ခွင့်ပိတ်ပင်ထားသော၊ထောင်ကဲ့သို့သော ဒုက္ခသည်စခန်းများထဲတွင် နေထိုင်နေကြရဆဲဖြစ်ပါသည်။
- ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာများအားလူမျိုးတုန်းရှင်းလင်း သတ်ဖြတ်မှုများနှင့် လူသားဆန်မှုကိုပျက်ယွင်းစေသောရာဇဝတ်မှုများတွင် အစိုးရမှပါဝင်ပတ်သက်မှုများရှိသည်ဟု လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (Human Rights Watch) အဖွဲ့ကြီးကစွပ်စွဲလိုက်သည်။
- အစိုးရမှခန့်အပ်ထားသောကော်မရှင်၏ ရခိုင်ပြည်နယ်တွင် ဖြစ်ပွားခဲ့သောဆူပူမှုများနှင့်ပတ်သက်သည့် အစီရင်ခံစာ သည် လူ့အခွင့်အရေးချိုးဖောက်မှုများအတွက် မည်သူ့တွင် တာဝန်ရှိသည်ကို ထုတ်ဖော်ပြသရန်ပျက်ကွက်ခဲ့ကာ ဒေသအတွင်း၌စစ်တပ်များပိုမိုချထားရေး၊ မွတ်စလင်နှင့်ဗုဒ္ဓဘာသာဝင်များအကြားယာယီခွဲခြားထားရေးနှင့် မွတ်စလင်များအား မွေးဖွားနှုန်းထိန်းချုပ်ရန်အစီအစဉ်များ စသည်တို့ကို တောင်းဆိုအကြံပြုထားသည်။
- ရှမ်းပြည်မြောက်ပိုင်းတွင် ရှမ်းပြည်တပ်မတော်(မြောက်) အပေါ်ပြုလုပ်သောထိုးစစ်များအတွင်း အစိုးရတပ်များသည် အရပ်သားများအားပစ်မှတ်ထားခဲ့ကာ အိုးအိမ်များမှစွန့်ခွာထွက်ပြေးရအောင်ပြုလုပ်ခဲ့သည်။
- မြန်မာနိုင်ငံဒေသတော်တော်များများမှ အန္တရာယ်ရှိသောဖွံ့ဖြိုးရေးစီမံကိန်းများအား ဆက်လက်ဆန့်ကျင်နေကြသည့် ရွာသားများအပေါ်အစိုးရသည် အကြမ်းဖက်ခြင်းနှင့်ရာဇဝတ်ပုဒ်မများတပ်ကာ တရားစွဲဆိုခြင်းများပြုလုပ်နေသည်။

ယခုလသတင်းစဉ်အညွှန်း

ပင်မသတင်းခေါင်းစဉ်
၂ သတ်ဖြတ်မှုနှင့်ပတ်သက်သည့် အထောက်အထားများပေါ်ထွက်လာ
၂ မူဆလင်များတရားစွဲခံ၊ ထောင်ချခံကြရ
၃ ရန်ကုန်တွင်တင်းမာနေဆဲ
၃ သည်းခံစိတ်ထားရန်လှုပ်ရှားမှု
၃ အကြမ်းဖက်မှုများအပေါ် နိုင်ငံတကာ၏ စိုးရိမ်ပူပန်မှုများ
မြန်မာနိုင်ငံပြည်တွင်းသတင်း
၄ ရိုဟင်ဂျာများအား လူမျိုးတုံးရှင်းလင်း သတ်ဖြတ်မှုများ
၅ ဆန္ဒပြသူများအပေါ် ဖြိုခွဲမှုများ
၆ အစိုးရတပ်များ၏ ရှမ်းပြည်နယ်အတွင်း ထိုးစစ်များ
၇ ကချင်ပြည်နယ်တိုက်ပွဲများ
လူ့အခွင့်အရေးဆိုင်ရာ
၇ နိုင်ငံရေးအကျဉ်းသားများ လွှတ်ပေး
အိုးအိမ်မှဖယ်ရှားခံရမှုများ
၈ ရိုဟင်ဂျာလှေစီးဒုက္ခသည်များနှင့် ပြည်တွင်းဒုက္ခသည် (IDP) များ
နိုင်ငံတကာရေးရာ
၉ ဒေါ်စုဂျပန်သို့သွားရောက်
၉ အီးယူကမြန်မာနိုင်ငံအပေါ်ပိတ်ဆို့အရေးယူမှုများအားပယ်ဖျက်
၉ ဦးသိန်းစိန်၏စီးပွားရေးခရီးစဉ်
၁၀ မြန်မာ-အင်ဒိုနီးရှား ဆက်ဆံရေး
စီးပွားရေး
၁၀ ဖရိုဖရဲ SIM ကဒ်မဲနှိုက်ရောင်းချမှု
၁၁ ဆက်သွယ်ရေး လိုင်စင်အတွက်ပြိုင်ဆိုင်မှုများ
၁၁ ရေနံနှင့်သဘာဝဓါတ်ငွေ့ဆိုင်ရာ ရင်းနှီးမြုပ်နှံမှု
၁၂ အခြားမြန်မာပြည်ဆိုင်ရာသတင်း များ
၁၄ **အစီရင်ခံစာများ**

- EU သည်မြန်မာနိုင်ငံပြုပြင်ပြောင်းလဲရေးအတွက် သူတို့ ကိုယ်တိုင်ချမှတ်ထားသော သတ်မှတ်ချက်များကိုလျစ်လျူရှုကာ လက်နက်ဝယ်ယူရောင်းချခြင်းမှလွဲ၍ ကျန်ရှိနေသေး သောပိတ်ဆို့ထားမှုအားလုံးကိုပယ်ဖျက်ပေးရန် ဆုံးဖြတ်ခဲ့ကြသည်။

P O BOX 296, LARDPRAO POST OFFICE, BANGKOK 10310, THAILAND
TEL ▼ 081 850 9008 ▼ [6681] 850 9008 EMAIL ▼ publications@altsean.org WEB ▼ www.altsean.org

- **တရုတ်ပြည်တွင်တရုတ်နိုင်ငံရေးနှင့်စီးပွားရေးခေါင်းဆောင်များနှင့် တွေ့ဆုံစဉ်အတွင်း သမ္မတဦးသိန်းစိန်က ကြီးမားသောတရုတ်ကုမ္ပဏီကြီးများနှင့် စီမံကိန်းများကိုအတည်ပြု ပေးခဲ့သည်။**

ပင်မသတင်းများ

မတ်လက ဘာသာရေးအဓိကရုဏ်းများ၏ဒါဏ်ကို ခံခဲ့ရသော မန္တလေးတိုင်းနှင့်ပဲခူးတိုင်းတို့မှ နေရာတော်တော်များများတွင်အစိုးရမှ အခြေအနေတည်ငြိမ်၍ဥပဒေစိုးမိုးရန်လုပ်ဆောင်နေစဉ်တွင် အခြေအနေသည်အကဲဆတ်လျက်ပင်ရှိသေးကာ မွတ်စလင်လူထုများသည် ဗုဒ္ဓဘာသာအစွန်းရောက်အုပ်စုများ၏ တိုက်ခိုက်လာနိုင်မှုများအတွက် သတိရှိနေကြဆဲဖြစ်ပါသည်။ မိတ္ထီလာမှ ၈၈ မျိုးဆက်ကျောင်းသားအဖွဲ့ ကိုယ်စားလှယ်တဦး၏အဆိုအရ အစိုးရမှတည်ငြိမ်အောင်ပြန်လည်ပြုလုပ်အပြီး ဧပြီလ ၁၇ ရက်နေ့အထိတွင် မည်သူမှန်းမသိရသောတိုက်ခိုက်လိုသူများမှ မီးရှို့ရန်ကြိုးစားမှုအနည်းဆုံး ၈ ကြိမ်ပေါ်ပေါက်ခဲ့သည်ဟုသိရသည်။ ရန်ကုန်တိုင်း၊ တိုက်ကြီးမြို့နယ် ဥက္ကံမြို့တွင် ဧပြီလ ၃၀ ရက်နေ့၌ဗုဒ္ဓဘာသာအုပ်စုများက ဗလီ ၂ ခုကိုလုယက်ဖျက်ဆီးခဲ့ကြကာ မွတ်စလင်များပိုင်ဆိုင်သည့်အိမ်အလုံး ၁၀၀ ကျော်တို့ကိုမီးရှို့ဖျက်ဆီးခဲ့၍ အနည်းဆုံးလူ ၉ ဦးဒါဏ်ရာရကာ ၁ ဦးသေဆုံးခဲ့ပါသည်။

မိတ္ထီလာမွတ်စလင်ဒုက္ခသည် ၈၀၀၀ ကျော်တို့သည် သတင်းထောက်များအားဝင်ခွင့်ပိတ်ပင်ထားသော၊ ထောင်ကဲ့သို့သော ဒုက္ခသည်စခန်းများထဲတွင် နေထိုင်နေကြရဆဲဖြစ်ပါသည်။ ဒုက္ခသည် ၁၆၀၀ ကျော်နေထိုင်နေသည့် ဒုက္ခသည်စခန်းတခုမှရဲတဦးက ဒုက္ခသည်များကိုအပြင်ထွက်ခွင့်မပြုရန်သူတို့အား အမိန့်ပေးထားသည်ဟု ပြောကြားပါသည်။

သတ်ဖြတ်မှုအထောက်အထားများ၊ ရဲများ၏လျစ်လျူရှုမှုများပေါ်ထွက်လာ

မန္တလေးတိုင်း၊ မိတ္ထီလာတွင်ဖြစ်ပွားခဲ့သော အဓိကရုဏ်းများ၌ လူပေါင်း ၄၄ ဦးသေဆုံးခဲ့သည်ဟု ဧပြီလ ၃ ရက်နေ့တွင်ရဲများကထုတ်ဖော်ပြောကြားလိုက်သည်။ အစွန်းရောက်ဗုဒ္ဓဘာသာအုပ်စုများမှပြုလုပ်ခဲ့သည့်မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ၏ အထောက်အထားများလည်းထပ်မံထွက်ပေါ်လာခဲ့သည်။

- **ဧပြီ ၅** - မတ်လ ၂၁ ရက်နေ့ကမိတ္ထီလာမြို့ မင်္ဂလာဇေရုံရပ်ကွက်မှ အစ္စလာမ်စာသင်ကျောင်းတခုအား လူတစုမှတိုက်ခိုက်မှုအတွင်းတွင် အသက် ၁၄ နှစ်မှ ၂၄ နှစ်အရွယ် မွတ်စလင်ကျောင်းသား ၃၂ ဦးနှင့်ဆရာ ၄ ဦးအသတ်ခံခဲ့ ရသည်ဆိုသောအစီရင်ခံစာများနှင့်ပတ်သက်၍ လွတ်လပ်သောစုံစမ်းစစ်ဆေးမှုပြုလုပ်ပေးပါရန် အမေရိကန်အခြေ စိုက် "လူ့အခွင့်အရေးအတွက်သမားတော်များအဖွဲ့"(PHR) ကအစ စိုးရအားတိုက်တွန်း လိုက်သည်။ တိုက်ခိုက်မှုများအတွင်းလူ ၈ ဦးအသတ်ခံလိုက်ရသည်ကို မျက်မြင်တွေ့ခဲ့ရသော NLD ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးဝင်းထိန်က အကြမ်းဖက်မှုများအကြောင်းပြန်လည်ပြောကြားရင်း "ရဲများသည်ရပ်လျက်သာကြည့်နေခဲ့ကြသည်" ဟုပြောကြားခဲ့သည်။
- **ဧပြီ ၂၂** - မတ်လနှောင်းပိုင်းက မိတ္ထီလာတွင် ဗုဒ္ဓဘာသာအကြမ်းဖက်သူများက မွတ်စလင်တို့ပိုင်သည့် ပစ္စည်းများအားဖျက်ဆီး၍ မွတ်စလင်များအားတိုက်ခိုက်သတ်ဖြတ်မှုများပြုလုပ်နေစဉ်တွင် အနား၌ရပ်နေသောရဲအရာရှိများပုံကိုရိုက်ကူးထားသည့် ဗွီဒီယိုတခုအား BBC မှထုတ်လွှင့်ပြသခဲ့သည်။

မွတ်စလင်များတရားစွဲဆိုထောင်ချခံရ

မြန်မာပြည်အလယ်ပိုင်းမှ မတ်လနှောင်းပိုင်းတွင်ဖြစ်ပွားခဲ့သော အကြမ်းဖက်မှုများနှင့် ဆက်စပ်ပတ်သက်သူ ၁၄၂ ဦးအား အာဏာပိုင်များကဖမ်းဆီးထားသည်ဟု အစိုးရကဧပြီလ ၃၁ ရက်နေ့တွင်ပြောကြားခဲ့သည်။ ဗုဒ္ဓဘာသာအုပ်စုများကကျူးလွန်နေကြသည့် မွတ်စလင်ဆန့်ကျင်ရေးတိုက်ခိုက်မှုများ ပျံ့နှံ့ဖြစ်ပေါ်နေသော်လည်း အစိုးရသည်မွတ်စလင်များအား တရားစွဲဆိုထောင်ချမှုများကိုသာလျင်မြန်စွာပြုလုပ်လျက်ရှိသည်။

- **ဧပြီ ၁၁** - မိတ္ထီလာတွင် မတ်လ ၂၀ ရက်နေ့ကဗုဒ္ဓဘာသာရွှေဝယ်သူတဦးနှင့်ဖြစ်ပွားခဲ့သည့် ရန်ပွဲအတွင်းပါဝင်ပတ်သက်ခဲ့၍ဟုဆိုကာ မွတ်စလင် ၃ ဦး (ရွှေဆိုင်ပိုင်ရှင်၊ ပိုင်ရှင်၏ဇနီးနှင့်အလုပ်သမားတဦး) တို့အား မန္တလေးတိုင်း၊ မိတ္ထီလာမြို့နယ် တရားရုံးတခုမှထောင်ဒဏ် ၁၄ နှစ်စီချမှတ်လိုက်သည်။ ထိုရန်ပွဲကြောင့်မြို့တခုလုံးတွင် အလွန်ပြင်းထန်သောအဓိကရုဏ်းများပျံ့နှံ့ဖြစ်ပွားခဲ့ရသည်ဟုဆိုကြသည်။
- **ဧပြီ ၂၂** - မန္တလေးတိုင်း၊ မိတ္ထီလာမှ အသက် ၄၅ နှစ်အရွယ်ဗုဒ္ဓဘာသာဘုန်းတော်ကြီးဦးသောဘိတ အသတ်ခံခဲ့ရမှုအတွက် အစွပ်စွဲခံရသောမွတ်စလင် ၇ ဦးတို့၏တံခါးပိတ်တရားစစ်ဆေးမှုကို မိတ္ထီလာခရိုင်တရားရုံးတွင်စတင်ပြုလုပ်ခဲ့သည်။
- **ဧပြီ ၂၃** - ဒေသတွင်းဆိုင်တဆိုင်မှ ၉၆၉ စတစ်ကာတခုအားခွါပစ်လိုက်သည့်အတွက် အသက် ၄၂ နှစ်အရွယ်မွတ်စလင်တဦးအား ဘာသာရေးစော်ကားသည်ဟူသောစွပ်စွဲမှုဖြင့် ပဲခူးတိုင်း၊ ကျောက်ကြီးမြို့နယ်တရားရုံးမှထောင်ဒဏ် ၂ နှစ်ကျခံရန်အမိန့်ချလိုက်သည်။

မွတ်စလင်စာသင်ကျောင်းမီးလောင်မှုအပြီး ရန်ကုန်၌တင်းမာမှုရှိနေဆဲ

ဧပြီလ ၂ ရက်နေ့က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်မှ ကလေးငယ် ၁၃ ဦးသေဆုံးခဲ့သော နံနက်စောစောတွင်ဖြစ်ပွားခဲ့သည့် မွတ်စလင်စာသင်ကျောင်းမီးလောင်မှုအပြီး တင်းမာမှုများဖြစ်ပေါ်ခဲ့သည်။ တမင်တကာရှို့ခဲ့သည့်မီးဖြစ်သည်ဟုသံသယဖြစ်နေသော မွတ်စလင်ဘာသာဝင် ၁၅၀ ခန့်တို့ မီးလောင်နေသည့်အဆောက်အဦးအပြင်ဘက်တွင်လာရောက်စုဝေးခဲ့ကြအပြီးတွင် အစိုးရမှအဓိကရုဏ်းနှိမ်နင်းရေးရဲများကိုစေလွှတ်ခဲ့သည်။ မီးလောင်ရသည့်အကြောင်းအရင်းကိုစုံစမ်းဆုံးဖြတ်ပေးရန်တာဝန်ရှိသည့် အဖွဲ့ဝင် ၇ ဦးပါကော်မရှင်တခုကို အစိုးရမှဧပြီလ ၃ ရက်နေ့တွင်ဖွဲ့စည်းပေးခဲ့သည်။ အလျင်စလိုစုံစမ်းစစ်ဆေးအပြီး ဧပြီလ ၁၀ ရက်နေ့တွင် ရန်ကုန်တိုင်းဝန်ကြီး ချုပ်ဦးမြင့်ဆွေကကော်မရှင်၏တွေ့ရှိချက်ကိုကြေငြာခဲ့သည်။ မီးလောင်မှုသည် အပူလွန်ကဲနေသောမီးအားမြှင့်စက်ကြောင့်ဟု ကော်မရှင်မှသုံးသပ်ကာ အစိုးရအာဏာပိုင်များမှကျောင်းအုပ်ချုပ်ရေးမှူး ၂ ဦးအားပေါ့ဆမှုအတွက်တရားစွဲဆိုသွားမည်ဖြစ်ကြောင်း သူကပြောကြားခဲ့သည်။

တက်ကြွလှုပ်ရှားသူများနှင့်ထင်ရှားသောဗုဒ္ဓဘာသာဘုန်းတော်ကြီးများက သည်းခံမှုများမြှင့်တက်လာအောင်လုပ်ဆောင်ကြ

၉၆၉ လှုပ်ရှားမှုကြောင့် ပျံ့နှံ့နေသောမွတ်စလင်ဆန့်ကျင်ရေးဝါဒဖြန့်ချိမှုများအား အစိုးရမှကိုင်တွယ်ရန်ပျက်ကွက်ခဲ့သည်နှင့်လုံးဝဆန့်ကျင်စွာပင် အောက်ခြေမှတက်ကြွလှုပ်ရှားသူများက ဗုဒ္ဓဘာသာနှင့်မွတ်စလင်လူထုများအကြားငြိမ်းချမ်းမှုနှင့် သည်းခံနားလည်မှုများမြင့်မားလာစေရန် ကြိုးပမ်းသည့်လှုပ်ရှားမှုများကိုတက်ကြွစွာလုပ်ဆောင်ခဲ့ကြသည်။ ဧပြီလအစ စောပိုင်းက "မြန်မာပြည်အတွက်ဆုတောင်းပါ" အဖွဲ့နှင့်တက်ကြွလှုပ်ရှားသူများသည် ရန်ကုန်နှင့်မန္တလေးတို့တွင် ဘာသာ ရေးအရသည်းခံနားလည်မှုများမြှင့်တင်ပေးနိုင်သည့် စတစ်ကာများနှင့်တီရှပ်များကိုဖြန့်ဝေခဲ့ကြသည်။ ထို့အပြင်ထင်ရှား သည့်ဗုဒ္ဓဘာသာဘုန်းတော်ကြီးများက ၉၆၉ မွတ်စလင်ဆန့်ကျင်ရေးလှုပ်ရှားမှုကိုဆန့်ကျင်၍ဟောပြောခဲ့ကြကာ အခြား ဘာသာရေးခေါင်းဆောင်များကလည်း ဘာသာနှစ်ခုအကြားတွင်အပြုသဘောဆောင်သောဆွေးနွေးမှုများ တိုးမြှင့်ပြုလုပ်လာနိုင်မည့်လှုပ်ရှားမှုများအားပိုမိုလုပ်ဆောင်လာကြသည်။

မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများအပေါ် နိုင်ငံတကာမှစိုးရိမ်မှုများဆက်လက်ဖြစ်ပေါ်နေ

ဧပြီလတွင် မွတ်စလင်အများစုနေထိုင်သည်နိုင်ငံ ၃ နိုင်ငံနှင့် အစ္စလာမ်မစ်ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (OIC) တို့မှ မတ်လအတွင်းကဖြစ်ပေါ်ခဲ့သော မြန်မာပြည်အလယ်ပိုင်းမှ မွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ကြေငြာချက်များထုတ်ပြန်ခဲ့ကြသည်။

- **ဧပြီ ၁** - အကြမ်းဖက်မှုများအတွင်း မွတ်စလင်များအားစနစ်တကျပစ်မှတ်ထားခဲ့ခြင်းအပေါ် အီဂျစ်နိုင်ငံခြားရေးဝန်ကြီးဌာနမှ ၎င်းတို့၏စိုးရိမ်ပူပန်မှုကိုဖော်ပြခဲ့ကာ တရားဥပဒေစိုးမိုးမှုရှိအောင်ပြုလုပ်ရန်၊ ကျူးလွန်သူများကို ဖော်ထုတ်ရန်

နှင့် မြန်မာနိုင်ငံမှမွတ်စလင်လူနည်းစု၏အသက်အိုးအိမ်စည်းစိမ်တို့ကိုအကာအကွယ်ပေးရန် အစိုး ရအားတောင်းဆိုခဲ့သည်။

- **ဧပြီ ၁** - မလေးရှားနိုင်ငံခြားရေးဝန်ကြီးဌာနက အကြမ်းဖက်မှုများနှင့်ပတ်သက်၍စိုးရိမ်မှုကိုဖော်ပြလိုက်ကာ သက်ဆိုင်သူအားလုံးမှ အခြေအနေကိုပိုမိုဆိုးဝါးလာစေမည့်လုပ်ဆောင်မှုများကိုရှောင်ကျဉ်ကြပါရန် တောင်းဆိုလိုက်သည်။
- **ဧပြီ ၁၄** - OIC ကမြန်မာနိုင်ငံမှမွတ်စလင်များအပေါ်အကြမ်းဖက်မှုများသည် လက်ခံနိုင်စရာမရှိပါဟုဖော်ပြလိုက်ပြီး OIC မှဝန်ကြီးအဆင့်ကိုယ်စားလှယ်အဖွဲ့နိုင်ငံအတွင်းသို့စေလွှတ်ခွင့်ပြုရန် အစိုးရအားတောင်းဆိုလိုက်သည်။ OIC က မြန်မာနိုင်ငံသို့အချက်အလက်ရှာဖွေစုဆောင်းရန်အတွက်အဖွဲ့တဖွဲ့စေလွှတ်ရန်လည်း ကမ္ဘာ့ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ တိုက်တွန်းလိုက်သည်။
- **ဧပြီ ၁၄** - တူရကီနိုင်ငံခြားရေးဝန်ကြီး Ahmet Davutoglu ကမြန်မာနိုင်ငံအလယ်ပိုင်းမှမွတ်စလင်များအား တိုက်ခိုက်မှုများသည် သေချာစွာပြင်ဆင်ထားမှုများဖြစ်ကာ လုံခြုံရေးတပ်ဖွဲ့များကလည်းထိုဖြစ်ရပ်များကိုမတားဆီးခဲ့ပါဟု ပြောကြားလိုက်သည်။

မြန်မာနိုင်ငံပြည်တွင်းသတင်းများ

ရိုဟင်ဂျာများအားလူမျိုးတုံးရှင်းလင်းသတ်ဖြတ်မှုအတွက် အစိုးရအားစွပ်စွဲ

ဧပြီလတွင် ရခိုင်ပြည်နယ်၌ ၂၀၁၂ ခုနှစ်ကဖြစ်ပွားခဲ့သောဆူပူမှုများနှင့်ပတ်သက်သည့် အစီရင်ခံစာ ၂ စောင်က ထိုဖြစ်ရပ်များနှင့်ပတ်သက်၍ထင်ရှားစွာ ကွဲပြားသောအမြင်များကိုတင်ပြခဲ့ကြသည်။

ဧပြီလ ၂၂ တွင် လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) မှ "ဆုတောင်းခြင်းမှတပါး အခြားမရှိပြီ" အမည်ရှိအစီရင်ခံစာတစောင်ကိုထုတ်ပြန်ခဲ့သည်။ ထိုအစီရင်ခံစာက ရခိုင်ပြည်နယ်မှရိုဟင်ဂျာများအား လူမျိုးတုံးရှင်းလင်းသတ်ဖြတ်မှုများနှင့် လူသားဆန်မှုကိုပျက်ယွင်းစေသောရာဇဝတ်မှုများအတွက် အစိုးရ၏တာဝန်ရှိမှုနှင့်ထိုကိစ္စများတွင်အစိုးရ၏ပါဝင်ပတ်သက်မှုတို့ကို အထောက်အထားပြုဖော်ပြခဲ့သည်။ ထိုအစီရင်ခံစာ၏ အဓိကတွေ့ရှိချက်များမှာအောက်ပါအတိုင်းဖြစ်ပါသည်။

- ဒေသခံရခိုင်နိုင်ငံရေးပါတီဝင်များ၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများနှင့်သာမန်ရခိုင်လူထုများမှ ရိုဟင်ဂျာများအပေါ်တိုက်ခိုက်မှုများကို လုံ့ ့ဆော်စည်းရုံးကာ ကျူးလွန်ခဲ့ကြသည်။
- ရိုဟင်ဂျာယောက်ျား၊ မိန်းမနှင့်ကလေးများအသတ်ခံခဲ့ရကာ အချို့မှာအစုလိုက်အပြုံလိုက်မြေမြုပ်ခံကြရပြီးသူတို့၏ ကျေးရွာများ၊ ပတ်ဝန်းကျင်များအဖျက်ဆီးခံခဲ့ကြရသည်။
- တိုက်ခိုက်မှုများအတွင်းအစိုးရလုံခြုံရေးတပ်ဖွဲ့များသည် ဘေးနားတွင်မကြာခဏမတ်တပ်ရပ်နေသည် သို့မဟုတ် သတ်ဖြတ်မှု၊ အကြမ်းဖက်မှုများကျူးလွန်နေသောသူများအား တိုက်ရိုက်အကူအညီပေးနေသည်။
- တိုက်ခိုက်မှုများအတွက် တာဝန်ရှိသောသူများအားသတ်မှတ်ဖော်ထုတ်ပေးရန် သို့မဟုတ် အနာဂတ်တွင်ထိုသို့အကြမ်းဖက်မှုများဖြစ်ပွားလာခြင်းမှကာကွယ်ရန်မည်သည့်အလေးအနက်ထားသောလုပ်ဆောင်မှုမျိုးမှ အစိုးရမှမလုပ်ခဲ့ပါ။

ရခိုင်ဒေသမှဆူပူမှုများကို စုံစမ်းစစ်ဆေးရန်တာဝန်ရှိသော အစိုးရမှခန့်ထားခဲ့သည့်ကော်မရှင်သည် ဧပြီလ ၂၉ ရက်နေ့တွင် ၎င်း၏ကြာမြင့်စွာရက်ကျော်နေပြီဖြစ်သောအစီရင်ခံစာကိုထုတ်ပြန်ခဲ့သည်။ ရိုဟင်ဂျာအဖြစ်တည်ရှိမှုကိုအသိအမှတ်ပြုရန်ငြင်းပယ်ကာ သူတို့အားဘင်္ဂါလီများအဖြစ်သာညွှန်းဆိုခဲ့သည့် ထိုအစီရင်ခံစာသည်အကြမ်းဖက်မှုများအတွင်းကျူးလွန်ခဲ့သောလူ့အခွင့်အရေးချိုးဖောက်မှုများအတွက် တာဝန်ရှိသူများကိုဖော်ထုတ်ရန်ပျက်ကွက်ခဲ့သည်။ ထိုအစီရင်ခံစာက ရခိုင်ပြည်နယ်ရှမွတ်စလင်များ၏ အလွန်လျင်မြန်သောလူဦးရေတိုးပွားနှုန်းက ဗုဒ္ဓဘာသာနှင့်မွတ်စလင်များအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးကို ဆုတ်ယုတ်စေသည်ဟုဖော်ပြထားသည်။ ရလာဒ်အနေဖြင့် အစီရင်ခံစာက မွတ်စလင်များအတွက် မွေးဖွားနှုန်းထိန်းချုပ်ရေးအစီအစဉ်များကိုအကောင်အထည်ဖော်ရန်

အကြံပြုထားသည်။ အစီရင်ခံ စာက လူ့အဖွဲ့အစည်းနှစ်ခုကို ယာယီခွဲခြားထားခြင်းကိုဆက်လက်ပြုလုပ်သင့်သည်ဟုဖော်ပြထားကာ နောက်ထပ် အကြမ်းဖက်မှုများအား "ထိန်းချုပ်နိုင်ရန်နှင့်ကာကွယ်တားဆီးနိုင်ရန်" အတွက်ဒေသတွင်းတွင် လုံခြုံရေးများချထားမှု ကိုနှစ်ဆပြုလုပ်သင့်ကြောင်းအကြံပြုထားသည်။ ထိုဥပဒေအရဆိုလျှင်ရိုဟင်ဂျာအများစုအား နိုင်ငံသားအဖြစ်စဉ်းစားရန်မဖြစ်နိုင်သည့် ၁၉၈၂ခု နိုင်ငံသားပြုမှုဥပဒေအားအစိုးရအာဏာပိုင်များမှ ရိုဟင်ဂျာများကိုနိုင်ငံသားပေးသင့်မပေး သင့်စဉ်းစားဆုံးဖြတ်ရာတွင်အသုံးပြုသင့်သည်ဟူသောထူးခြား၍ယုတ္တိမတန်သောအကြံပြုချက်တခုကိုလည်း ထိုအစီရင် ခံစာမှပြုလုပ်ထားသည်။

ပိုက်လိုင်းနှင့်ကြေးနီမိုင်းအား ဆန္ဒပြသူများအပေါ်အစိုးရမှ ဖြိုခွဲခဲ့

ဧပြီလတွင် မြန်မာနိုင်ငံဒေသတော်တော်များများမှ တရုတ်ကုမ္ပဏီများနှင့်အစိုးရတို့ပူးပေါင်းအကောင်အထည်ဖော်နေကြသောအန္တရာယ်ရှိသောဖွံ့ဖြိုးရေးစီမံကိန်းများအား ဆန့်ကျင်ဆန္ဒပြနေကြသည့် ရွာသားများအပေါ် အစိုးရသည်အကြမ်းဖက်ခြင်းနှင့်ရာဇဝတ်ပုဒ်မများတပ်ကာ တရားစွဲဆိုခြင်းများပြုလုပ်နေသည်။

<u>မုံရွာကြေးနီစီမံကိန်း - ဆန္ဒပြသူများအား သေနတ်နှင့်ပစ်၊ ရိုက်နှက်ကာထိန်းသိမ်း</u>

စစ်ကိုင်းတိုင်း ဆားလင်းကြီးမြို့နယ်မှ သိမ်းယူမြေများအတွက်လျော်ကြေးပေးသည်ကို လက်မခံသောဒေသခံလယ်သမားများထံမှ တိုင်ကြားမှုပေါင်း ၁၇၇ ခုလက်ခံရရှိထားသည်ဟု မုံရွာကြေးနီမိုင်းအစီရင်ခံစာပါအကြံပြုချက်များအားအကောင်အထည်ဖော်ရန်အတွက် အစိုးရမှခန့်အပ်ပေးထားသောကော်မတီက ဧပြီလ ၃ ရက်နေ့တွင်ပြောကြားလိုက်သည်။ တရားဝင်စာရင်းဇယားများအရဧပြီလ ၂၆ ရက်နေ့အထိတွင် လယ်သမား ၆၇၆ ယောက်တို့သည် သိမ်းယူခံလယ်မြေများ၏ ၂၅ % သို့မဟုတ် ၂၀၁၈ ဧကအတွက်စုစုပေါင်း ၂ ဘီလီယံကျပ် (US ဒေါ်လာ ၂.၃ သန်း) လက်ခံရယူထားပြီးဖြစ်သည်။ သို့သော် မုံရွာကြေးနီမိုင်းကြောင့်ဆိုးဝါးစွာထိခိုက်ခံထားရသော လယ်သမားမြောက်များစွာတို့သည်လျော်ကြေးပေးခြင်းကိုလက်မခံပဲ မိုင်းလုပ်ငန်းကိုဆက်လက်ဆန့်ကျင်ဆန္ဒပြနေကြဆဲဖြစ်သည်။

- **ဧပြီ ၅** - ဆားလင်းကြီးမြို့နယ် မုံရွာကြေးနီးမိုင်းအနီးတဝိုက်ရှိဒေသများမှ ရွာသား ၅၀၀ ခန့်တို့သည် မိုင်းလုပ်ငန်းများအားရပ်တန့်ရန်နှင့် ဆန္ဒပြသူများအားနိုဝင်ဘာလ ၂၉ ရက်နေ့ကဖြိုခွဲခဲ့မှုအတွက်တာဝန်ရှိသောအစိုးရအာဏာပိုင်များကိုစွအား တာဝန်ယူဖြေရှင်းပေးရန်တို့ကို တောင်းဆိုဆန္ဒပြခဲ့ကြသည်။
- **ဧပြီ ၂၃** - ဆားလင်းကြီးမြို့နယ် ဆည်တည်းကျေးရွာမှ လယ်သမား ၁၀၀ ခန့်တို့သည် မုံရွာကြေးနီမိုင်းတိုးချဲ့ရေးစီမံကိန်းအတွက် အစိုးရအာဏာပိုင်များမှသိမ်းယူထားသော မြေယာများပေါ်တွင်ထွန်ယက်မှုများစတင်ပြုလုပ်ခဲ့ကြသည်။
- **ဧပြီ ၂၅** - ဆားလင်းကြီးမြို့နယ် ဆည်တည်းကျေးရွာတွင် ရဲများသည်လယ်ထွန်နေကြသော လယ်သမားများအားလူစုခွဲရန်အတွက်သေနတ်နှင့်ပစ်ခတ်ခဲ့ကြသလိုနံပါတ်တုတ်များလည်းအသုံးပြုခဲ့ကြသည်။
- ဖြိုခွဲမှုတွင်အနည်းဆုံးရွာသား ၇ ဦးဒါဏ်ရာရခဲ့သည်။ ရဲများကရွာသား ၂ ဦးနှင့်တက်ကြွလှုပ်ရှားသူကိုအောင်စိုးတို့ကိုလည်းဖမ်းဆီးခဲ့သည်။
- **ဧပြီ ၂၆** - ဆားလင်းကြီးမြို့နယ် တုံ့ရွာမှရွာသားရာပေါင်းများစွာတို့သည် မုံရွာကြေးနီမိုင်းတိုးချဲ့ခြင်းစီမံကိန်းအားရပ်တန့်ရန်နှင့် ဧပြီလ ၂၅ ရက်နေ့ဖြိုခွဲမှုအတွင်းကဖမ်းဆီးသွားခဲ့သော ရွာသားနှစ်ဦးနှင့်တက်ကြွလှုပ်ရှားသူတဦးတို့လွတ်မြောက်ရေးအတွက် တောင်းဆိုဆန္ဒပြခဲ့ကြသည်။
- **ဧပြီ ၂၉** - ဆားလင်းကြီးမြို့နယ် တုံ့ရွာမှရွာသား ၅၀၀ ခန့်တို့သည် နိုဝင်ဘာ ၂၉ ရက်ဖြိုခွဲမှု ၅ လပြည့်မြောက်သည့်အထိမ်းအမှတ်အဖြစ် ဆန္ဒပြပွဲပြုလုပ်ခဲ့ကြသည်။ ဆန္ဒပြသူများက ဖြိုခွဲမှုအတွက်တာဝန်ရှိသူများကိုအရေးယူမှုပြုလုပ်ရန်အစိုးရအားတိုက်တွန်းခဲ့ကာ မုံရွာကြေးနီမိုင်းလုပ်ငန်းများရပ်တန့်ရန်လည်းတောင်းဆိုခဲ့ကြသည်။
- **ဧပြီ ၂၉** - စစ်ကိုင်းတိုင်းမှရဲများက နောက်ဆုံးဖြစ်ခဲ့သော မုံရွာကြေးနီမိုင်းအားဆန့်ကျင်ဆန္ဒပြမှုများကိုလှုံ့ဆော်ခဲ့သည့်အတွက် တက်ကြွလှုပ်ရှား ၈ ဦးအားတရားစွဲဆိုသွားမည်ဟု ကြေငြာခဲ့သည်ဟုသတင်းများရရှိသည်။

<u>ကျောက်ဖြူ-ကူမင်းပိုက်လိုင်း - ငြိမ်းချမ်းစွာဆန္ဒပြသူများအားရာဇဝတ်မှုပုဒ်မများဖြင့်တရားစွဲ</u>

ဧပြီလတွင် ရှမ်းပြည်နယ်နှင့်ရခိုင်ပြည်နယ်တို့မှ တက်ကြွလှုပ်ရှားသူများသည် တရုတ်အမျိုးသားရေနံကော်ပိုရေးရှင်း (CNPC) မှဆောက်လုပ်နေသော ကျောက်ဖြူ-ကူမင်း ရေနံနှင့်သဘာဝဓါတ်ငွေ့ ၂ လိုင်းတွဲပိုက်လိုင်းဆောက်လုပ်မှုအား ဆန့်ကျင်ကန့်ကွက်မှုများကို ပြန်လည်ပြုလုပ်ခဲ့ကြကာ လုံခြုံရေးကိစ္စများအပါအဝင် ဒေသခံလူထုအပေါ် ထိုစီမံကိန်းမှရရှိမည့် ဆိုးဝါးသောသက်ရောက်မှုများကိုလည်း မီးမောင်းထိုးပြခဲ့ကြသည်။

- **ဧပြီ ၉** - စီမံကိန်းကြောင့်အိုးအိမ်များဖယ်ရှားခံခဲ့ရသည့် ရှမ်းပြည်နယ်မှလူထု၏ သုံးပုံတစ်ပုံကျော်အား အစိုးရမှ လျော်ကြေးများမပေးသေးပါဟု ရန်ကုန်တွင်ပြုလုပ်သောသတင်းစာရှင်းလင်းပွဲတခုတွင် တအောင်းကျောင်းသားနှင့် လူငယ်အစည်းအရုံး (TSYO) မှပြောကြားခဲ့သည်။ ဖေဖော်ဝါရီလနှင့်မတ်လအတွင်းက လုံခြုံရေးစစ်ဆေးမှုများပြုလုပ် စဉ် ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူနှင့်နမ့်ခမ်းမြို့နယ်များမှပိုက်လိုင်းများတလျှောက်တွင် ပေါက်ကွဲမှုနှစ်ခုဖြစ်ခဲ့ ကြောင်းသတင်းများကြောင့် ကျောက်ဖြူ-ကူမင်း ရေနံနှင့်သဘာဝဓါတ်ငွေ့ ၂ လိုင်းတွဲပိုက်လိုင်း၏လုံခြုံရေးကိစ္စ အပေါ်တွင်လည်းစိုးရိမ်မိကြောင်း TSYO ကပြောကြားခဲ့သည်။
- **ဧပြီ ၁၈** - မဒေးကျွန်းမှလူထုရာပေါင်းများစွာတို့ကလည်း ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် ကျောက်ဖြူ-ကူမင်း ရေနံနှင့်သဘာဝဓါတ်ငွေ့ ၂ လိုင်းတွဲပိုက်လိုင်းစီမံကိန်းအား ဆန့်ကျင်ဆန္ဒပြခဲ့ကြသည်။ ဆန္ဒပြသူများ က CNPC မှ သိမ်းယူထားသောမြေများအတွက်လုံလောက်သောလျော်ကြေးပေးရန်၊ ဒေသခံလုပ်သားများအတွက်လစာကောင်း စွာပေးရန်နှင့် ဒေသတွင်းတွင်ပိုမိုကောင်းမွန်သော လျှပ်စစ်ပေးဝေမှုနှင့်လမ်းများဆောက်လုပ်ပေးရန်တို့ကိုတောင်းဆို ခဲ့ကြသည်။ စီမံကိန်းကြောင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာများပျက်စီးယုတ်လျော့ခဲ့ရကာ ဒေသခံတံငါသည်များ၏ အသက်မွေးဝမ်းကျောင်းမှုများပျက်စီးဆုံးရှုံးခဲ့ရခြင်းကိုလည်း ဆန္ဒပြသူများကကန့်ကွက်ဆန္ဒပြခဲ့ကြသည်။
- **ဧပြီ ၁၉** - ကြိုတင်၍တရားဝင်ခွင့်ပြုချက်မယူပဲပြုလုပ်ခဲ့သော ဧပြီလ ၁၈ ရက်နေ့ဆန္ဒပြပွဲတွင်ပါဝင်ခဲ့သည့် အတွက် ဒေသခံရွာသား ၁၀ ဦးအား ရခိုင်ပြည်နယ်ကျောက်ဖြူမြို့နယ်မှရဲများက ငြိမ်းချမ်းစွာစုဝေးခြင်းနှင့်ဆန္ဒပြခြင်းဆိုင်ရာ ဥပဒေအရအရေးယူခဲ့သည်။ အစိုးရအာဏာပိုင်များမှ ဆန္ဒပြခွင့်ပြုရန်နှစ်ကြိမ်တိုင်တိုင်ငြင်းပယ်ခံရပြီးနောက်တွင် ဆန္ဒပြပွဲကိုဆက်လက်ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ဆန္ဒပြပွဲဦးဆောင်သူများကပြောကြားခဲ့သည်။

ရှမ်းပြည်နယ်တွင် အစိုးရတပ်များကအရပ်သားများအားပစ်မှတ်ထား၊ လူဦးရေ ၂၀၀၀ ကိုအိုးအိမ် များမှဖယ်ရှား

ဧပြီလတွင် ရှမ်းပြည်မြောက်ပိုင်း တန့်ယန်းမြို့နယ်မှ ရှမ်းပြည်တပ်မတော်-မြောက်ပိုင်း (SSA-N) ၏စခန်းများအား အဓိကထားသည့်တိုက်ခိုက်မှုများနှင့်အတူ အစိုးရတပ်များက SSA-N အပေါ်တွင်ထိုးစစ်များပြုလုပ်ခဲ့သည်။ ဧပြီလ ၁၅၊ ၁၆ ရက်နေ့များတွင် တန့်ယန်းမြို့နယ် လွိုင်ဖေ၊ နောင်မိုနှင့်လွယ်ဂျယ်ကျေးရွာများ၌ အစိုးရတပ်များနှင့် SSA-N၏ တပ်များအကြားတိုက်ပွဲများဖြစ်ပွားခဲ့ကြသည်။စစ်ရေးလှုပ်ရှားမှုများအတွင်းအစိုးရတပ်များသည်အရပ်သားများအပေါ် ဆိုးဝါးသည့်လူ့အခွင့်အရေးချိုးဖောက်မှုများ ကျူးလွန်ခဲ့ကြသည်။

- **ဧပြီ ၁၄** - တန့်ယန်းမြို့နယ် နမ်လန်တွင် အစိုးရတပ် ခလရ ၁၇ မှစစ်သားများက ၈ နှစ်အရွယ်မိန်းကလေးတဦးအား မုဒိမ်းကျင့်ခဲ့ကြသည်။
- **ဧပြီ ၁၄-၁၅** - အစိုးရတပ် ခလရ ၃၃၊ ၄၁၊ ၁၃၆ နှင့် ခမရ ၂၉၁၊ ၃၂၂၊ ၃၂၆၊ ၅၀၇၊ ၅၀၈ နှင့် ၅၂၃ တို့က SSA-N အားကူညီနေသည်ဟု သံသယရှိသူ တန့်ယန်းမြို့နယ်ရှိရွာ ၉ ရွာမှရွာသား ၁၉ ဦးတို့အားဖမ်းဆီး၍ပြင်းထန်စွာ ရိုက်နှက်ခဲ့ကြသည်။
- **ဧပြီ ၁၅**-
    - တန့်ယန်းမြို့နယ် နမ်လောင်မှမုံးကိုးကျေးရွာသို့ချီတက်ရာတွင် အစိုးရတပ်များသည်လူငယ် ၅၀ ခန့်တို့အား မနသသဒိုင်းအဖြစ်ရှေ့မှအတင်းအကြပ်လျှောက်ခိုင်းကာ စစ်ကြောင်းကနောက်မှလိုက်ခဲ့သည်။
    - အစိုးရတပ်များ၏လက်နက်ကြီးပစ်ခတ်မှုများကြောင့် တန့်ယန်းမြို့နယ် ကယောက်ဆိုင်နှင့်ကယောက်ကွန်လွန် ကျေးရွာတို့မှ ၁၆ နှစ်အရွယ်လူငယ်တဦးနှင့် ၁၈ လသားအရွယ်ကလေးငယ်တဦးတို့ဒါဏ်ရာရရှိခဲ့ကြသည်။
    - အစိုးရတပ် ခမရ ၂၉၁ နှင့် ခလရ ၃၃ တို့မှတန့်ယန်းမြို့နယ် နမ်းလောင်ဝ်နှင့်နမ်းဟူခိုကျေးရွာတို့သို့ မော်တာကျည် အလုံး ၄၀ နှင့်ပစ်ခတ်ခဲ့ရာ စာသင်ကျောင်းတခုနှင့်အိမ်တလုံးပျက်စီးခဲ့သည်။

- ○ အစိုးရတပ် ခလရ ၃၃ မှတပ်ရင်းမှူးက တန့်ယန်းမြို့နယ်ကျေးရွာ ၇ ရွာမှရွာသူကြီးများအားဆင့်ခေါ်ကာ ဒေသတွင်းတွင် SSA-N ၏မည်သည့်စစ်ရေးလှုပ်ရှားမှုမဆို ရှိလာပါက ရွာသား ၃ ထောင်ကျော်ကိုအတင်းအကြပ်ပြောင်းရွှေ့ပစ်ကာ ရွာများအားလည်းမီးရှို့ပစ်မည်ဟုခြိမ်းခြောက်ခဲ့သည်။

သူတို့၏ကျေးရွာများတွင် အစိုးရတပ်များ၏တိုက်ခိုက်မှုများနှင့်အကြမ်းဖက်မှုများမှ လွတ်မြောက်နိုင်ရန်အတွက် လူပေါင်း ၂၀၀၀ နီးပါးခန့်တို့သည်တန့်ယန်းသို့ပြေးလာခဲ့ကြရသည်ဟု ဧပြီလ ၂၂ ရက်နေ့၌သတင်းများရရှိခဲ့သည်။

ကချင်ပြည်နယ်တွင်တိုက်ပွဲများဆက်လက်ဖြစ်ပွား - အကူအညီပေးမှုများအားပိတ်ဆို့ထားဆဲ

မတ်လကပြုလုပ်ခဲ့သော နောက်ဆုံးအကြိမ်ဆွေးနွေးပွဲများအတွင်းတွင် [*၂၀၁၃ ခုမတ်လ မြန်မာသတင်းလွှာ* တွင်ကြည့်ပါ။] အစိုးရနှင့်ကချင်လွတ်မြောက်ရေးတပ်မတော် (KIO) ကိုယ်စားလှယ်အဖွဲ့များတို့သည် ဧပြီလ ၁၀ ရက်မတိုင်ခင်နောက်ထပ်တွေ့ဆုံရန်ကတိပြုခဲ့ကြသော်လည်း ထိုလအတွင်းပြန်လည်တွေ့ဆုံရန်နှစ်ဘက်လုံးမှပျက်ကွက်ခဲ့ကြသည်။ ရှမ်းပြည်နယ်မြောက်ပိုင်းနှင့်ကချင်ပြည်နယ်မှ ကချင်လွတ်မြောက်ရေးတပ်မတော် (KIO) နှင့် တအောင်းအမျိုးသားလွတ်မြောက်ရေးတပ် (TNLA) တို့၏တပ်စခန်းများကို အစိုးရတပ်များမှဆက်လက်တိုက်ခိုက်နေဆဲဖြစ်သည်။

- **ဧပြီ ၁** - ခလရ ၄၅ မှအစိုးရတပ်များသည် ရှမ်းပြည်နယ် သီပေါမြို့နယ် မန်ပိုင်အနီးရှိ TNLA တပ်များအားတိုက်ခိုက်ခဲ့သည်။
- **ဧပြီ ၁** - ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် လောင်ဂန်အနီးရှိ TNLA တပ်များနှင့်အစိုးရတပ်များ တိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဧပြီ ၁၀** - ကချင်ပြည်နယ် မန်စီအနီးမှ KIA တပ်များနှင့် ခမရ ၂၄၀ မှအစိုးရတပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဧပြီ ၁၁** - ကချင်ပြည်နယ် ဖားကန့်မြို့နယ်မှ KIA တပ်များနှင့် အစိုးရတပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဧပြီ ၁၁** - ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် တန်ဖယ်မှ KIA တပ်များနှင့် အစိုးရတပ်များတိုက်ပွဲဖြစ်ပွားခဲ့သည်။
- **ဧပြီ ၂၅** - ရှမ်းပြည်နယ်မြောက်ပိုင်း ကွတ်ခိုင်မြို့နယ် လွိုင်ကန်မောန်မှ KIA တပ်စခန်းများအား အစိုးရတပ်များမှတိုက်ခိုက်ခဲ့ကြသည်။
- **ဧပြီ ၂၅** - ကချင်ပြည်နယ် ချီဖွေမြို့နယ် ပန်ဝါဒေသမှ KIA တပ်များနှင့်အစိုးရတပ်များတိုက်ပွဲ ဖြစ်ပွားခဲ့သည်။

ဧပြီလတွင်ပြည်တွင်းကချင်ဒုက္ခသည်များထံ UN မှအကူအညီများပေးပို့သည့်သတင်းများမရရှိခဲ့ပါ။ ဧပြီလ ၂၃ ရက်နေ့တွင်ရန်ကုန်မှ UN ပြောရေးဆိုခွင့်ရှိသူက ကချင်ပြည်နယ်မှ KIA ထိန်းချုပ်ထားသောဒေသများရှိ ဒုက္ခသည်များထံ UN မှအကူအညီများပေးပို့ခွင့်ပြုရန် အစိုးရမှမူအရသဘောတူထားသော်လည်း တရားဝင်ခွင့်ပြုချက်မှာမူယခုအထိမရရှိသေးပါဟု ပြောကြားလိုက်သည်။ ၂၀၁၁ ခုဇွန်လတွင်ပဋိပက္ခများစတင်ဖြစ်ပွားခဲ့စဉ်ကတည်းက ကချင်ပြည်နယ်မှ KIA ထိန်းချုပ်ဒေသများသို့ UN မှအကူအညီပေးပို့မှု ၄ ကြိမ်ကိုသာ အစိုးရမှခွင့်ပြုခဲ့ဘူးပါသည်။

ဦးသိန်းစိန်၏အကျဉ်းသားအမြောက်အ များလွှတ်ပေးမှု		
ရက်စွဲ	အကျဉ်း သားအား လုံး ပေါင်း	နိုင်ငံရေးအ ကျဉ်းသား
၁၆ မေ ၁၁	၁၄၅၇၈	၅၈
၁၂အောက်တိုဘာ ၁၁	၆၃၅၉	၂၄၀
၄ ဇန်နဝါရီ ၁၂	၆၆၅၆	၃၆
၁၃ ဇန်နဝါရီ ၁၂	၆၅၁	၃၀၂
၃ ဇူလိုင် ၁၂	၈၀	၂၅
၁၇ စက်တင်ဘာ ၁၂	၅၁၄	၈၈
၁၅ နိုဝင်ဘာ ၁၂	၄၅၂	၀
၁၆ နိုဝင်ဘာ ၁၂	၆၆	၅၁
၂၃ ဧပြီ ၁၃	၉၃	၅၉
စုစုပေါင်း	၂၉၄၄၉	၈၅၉
အချက်အလက်ပင်ရင်း : NLM; AAPP		

လူ့အခွင့်အရေးဆိုင်ရာ

နိုင်ငံရေးအကျဉ်းသားများအားလွှတ်ပေး - အနည်းဆုံး ၁၇၆ ဦးထောင်များအတွင်းကျန်နေသေး

ဧပြီလတွင် SPDC အားဖျက်သိမ်းပြီးကတည်းက ကိုးကြိမ်မြောက်ဖြစ်သော မကြာသေးမီကအကျဉ်းသားများလွှတ်ပေးမှု တွင် အစိုးရသည် အတိုက်အခံများကို

ဦးရေအကန့်အသတ်နှင့်ထပ်မံလွှတ်ပေးလိုက်ပါသည်။ ဧပြီလ ၂၃ ရက်နေ့တွင် သမ္မတဦးသိန်းစိန်က နိုင်ငံအနှံ့ရှိ ထောင်များမှအကျဉ်းသား ၉၃ ယောက်ကိုလွှတ်ပေးရန်အမိန့်ပေးခဲ့သည်။ ထိုလွှတ်ငြိမ်း ချမ်းသာဖြင့်လွတ်မြောက်လာသူများတွင် ၅၉ ဦးမှာနိုင်ငံရေးအကျဉ်းသားများဖြစ်ပါသည်။ ထိုသူများတွင် ရှမ်းပြည်နယ် အမျိုးသားတပ်မတော် (SSNA) အဖွဲ့ဝင် ၄၀၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး (ABSDF) အဖွဲ့ဝင်ကိုဇော်မိုး၊ မွန်တက်ကြွလှုပ်ရှားသူကိုမင်းဇော်နှင့် ရခိုင်ကျောင်းသားတက်ကြွလှုပ်ရှားသူနှစ်ဦးတို့ပါဝင်ပါသည်။ အစိုးရမှခန့်အပ်ထားသော နိုင်ငံရေးအကျဉ်းသားများစီစစ်ရေးကော်မတီတွင် ပါဝင်သည့်လူထုအဖွဲ့အစည်းကိုယ်စား လှယ်များက ကော်မတီမှနိုင်ငံရေးအကျဉ်းသားအဖြစ်သတ်မှတ်ထားပြီးဖြစ်သော အတိုက်အခံများအားမလွှတ်ပေးခြင်း အတွက်အစိုးရအားဝေဖန်လိုက်သည်။ နိုင်ငံရေးအကျဉ်းသားများကူညီစောင့်ရှောက်ရေးအဖွဲ့ (AAPP) ၏အဆိုအရ နိုင်ငံရေးအကျဉ်းသား ၁၇၆ ဦးအကျဉ်းထောင်များအတွင်းတွင်ရှိနေဆဲဖြစ်ပါသည်။

အိုးအိမ်မှဖယ်ရှားခံရမှုများ

ရိုဟင်ဂျာလှေစီးဒုက္ခသည်များဆက်လက်ထွက်ပြေးနေဆဲ - UN မှရိုဟင်ဂျာပြည်တွင်းဒုက္ခသည်များ အတွက်လွန်စွာစိုးရိမ်ပူပန်နေ

ဧပြီလတွင် မြန်မာနိုင်ငံ၏ဒေသတွင်းအိမ်နီးချင်းနိုင်ငံများသို့ ရိုဟင်ဂျာလှေစီးဒုက္ခသည်များဆက်လက်ထွက်ပြေးနေဆဲ ဖြစ်ပါသည်။

- **ဧပြီ ၅** - ဩစတေးလျသို့ပင်လယ်ရေလမ်းကြောင်းမှသွားရောက်ရန်စီစဉ်နေသော ရိုဟင်ဂျာ ၃၅ ဦးအားအရှေ့ ဂျားဗားမှ ဆုရာဘယာတွင်အင်ဒိုနီးရှားရဲများကဖမ်းဆီးထိန်းသိမ်းခဲ့သည်။
- **ဧပြီ ၆** - မလေးရှားသို့ဝင်ရောက်ရန်ကြိုးစားသည့် ရိုဟင်ဂျာအများစုအပါအဝင် လှေစီးဒုက္ခသည် ၂၀၊ ၃၀ ခန့်ပါဝင် သောလှေတစီးသည် ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက်နာဖ်ကမ်းခြေအလွန်တွင်မှောက်သွားခဲ့သည်။
- **ဧပြီ ၇** - မလေးရှားသို့ဝင်ရောက်ရန်ကြိုးစားနေစဉ် လမ်းပျောက်သွားခဲ့သော ရိုဟင်ဂျာလှေစီးဒုက္ခသည် ၈၀ ဦး အားအင်ဒိုနီးရှားရဲများက ဆုမတြားကမ်းခြေအလွန်တွင် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။
- **ဧပြီ ၇** - မလေးရှားသို့သွားရောက်ရန်ကြိုးစားနေသည့် ရိုဟင်ဂျာအများစုပါ လှေစီးခရီးသည် ၂၄ ဦးအား ဘင်္ဂလား ဒေ့ရှ်အာဏာပိုင်များက ဘင်္ဂလားပင်လယ်အော်ရှိ စိန့်မာတင်ကျွန်းအနီးတွင်ဖမ်းဆီးထိန်းသိမ်းလိုက်သည်။
- **ဧပြီ ၁၅** - မူလကဩစတေးလျသို့ဦးတည်သွားမည့်လှေပေါ်တွင်လိုက်ပါလာကာ မြန်မာနိုင်ငံမှထွက်ခွာလာခဲ့ပြီး နောက် ကမ်းလွန်ငါးဖမ်းစင်ပေါ်တွင်ပုန်းအောင်းနေသော ရိုဟင်ဂျာများပါဝင်သည့် မြန်မာနိုင်ငံမှခိုလှုံခွင့်ရှာဖွေနေသူ ၁၆ ဦးအား အင်ဒိုနီးရှားအာဏာပိုင်များကဖမ်းဆီးထိန်းသိမ်းလိုက်သည်။

ရခိုင်ပြည်နယ်မှ ရိုဟင်ဂျာပြည်တွင်းဒုက္ခသည်များသည် မေလမှစက်တင်ဘာလအထိဖြစ်သော မိုးရာသီအစပိုင်းတွင် ထိလွယ်ရှလွယ်ဆိုးဝါးသော အခြေအနေတွင်ပင်ရှိနေဆဲဖြစ်ပါသည်။ ရခိုင်ပြည်နယ်မှရေလွှမ်းမိုးလေ့ရှိသော ဒေသများရှိ ယာယီတဲများတွင် နေထိုင်နေကြရသောရိုဟင်ဂျာပြည်တွင်းဒုက္ခသည် ၆ သောင်းကျော်တို့အတွက် လွန်စွာစိုးရိမ်ပူပန်မိပါ ကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီး (UNHCR) ကဧပြီလ ၁၉ ရက်နေ့တွင်ပြောကြားလိုက် သည်။ UNHCRက ပြည်တွင်းဒုက္ခသည်များ၏အခြေအနေတိုးတက်လာစေရန်အတွက် အဆောတလျင်လုပ်ဆောင်မှုများ ပြုလုပ်ပါရန် တောင်းဆိုလိုက်ပြီးဖြစ်ပွားလာနိုင်ဖွယ်ရှိသော "လူသားဆိုင်ရာကပ်ဘေးအန္တရာယ်များ" မှရှောင်လွှဲနိုင်ရန် လိုအပ်သောအကာအရံ၊ ရေနှင့်သန့်ရှင်းရေးဆိုင်ရာလုပ်ဆောင်မှုများအား ချက်ချင်းကိုင်တွယ်လုပ်ဆောင်ပါရန် မြန်မာအစိုးရအားတိုက်တွန်း လိုက်သည်။

ဒေါ်စုဂျပန်သို့သွားရောက် - မြန်မာနိုင်ငံနိုင်ငံသားပြုမှုဥပဒေများအားပြန်လည်သုံးသပ်ရန်တောင်း ဆို

ဒေါ်စု၏ဂျပန်ခရီးစဉ်

ဧပြီ ၁၃ - တိုကျိုသို့ရောက်ရှိ မြန်မာအသိုင်းအဝိုင်းနှင့်တွေ့ဆုံ ခဲ့။
ဧပြီ ၁၄ - ကျိုတိုသို့သွားရောက်ခဲ့။
ဧပြီ ၁၅ - သူမဂုဏ်ထူးဆောင်ဒေါက်တာဘွဲ့ရရှိခဲ့သော ကျိုတို Ryukoku တက္ကသိုလ်တွင်မိန့်ခွန်းပြောကြားခဲ့။
ဧပြီ ၁၆ - သူမသည် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဖူမီယိုကီရှီဒ၊ အထက်လွှတ် တော်ဥက္ကဋ္ဌခန်းဂျီဟီရာတနှင့်အိမ်ရှေ့မင်းသားနာရူဟီတို တို့နှင့် တိုကျိုတွင်သီးခြားဆီတွေ့ဆုံခဲ့သည်။
ဧပြီ ၁၇ - တိုကျိုရှိ တိုကျိုတက္ကသိုလ်တွင်မိန့်ခွန်းပြောကြားခဲ့ ကာဂျပန်အမျိုးသားစာနယ်ဇင်းကလပ်တွင် သတင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။
ဧပြီ ၁၈ - တိုကျိုတွင်သူမသည် ဝန်ကြီးချုပ်ရှင်ဇိုအာဘေး၊ တရားရေးဝန်ကြီးဆာဒကဇုတာနီကာဂီနှင့်အောက်လွှတ်တော်ဥက္ကဋ္ဌဘန်မိအိဘူကီတို့နှင့်သီးခြားစီတွေ့ဆုံခဲ့သည်။
ဧပြီ ၁၉ - မြန်မာပြည်သို့ပြန်လည်ရောက်ရှိခဲ့သည်။

ဧပြီလ ၁၂ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်သည် ဂျပန်နိုင်ငံ ၇ ရက်တာခရီးစဉ်အတွက်မြန်မာနိုင်ငံမှထွက်ခွာခဲ့သည်။ ထိုခရီးစဉ်အတွင်းတွင် ဒေါ်စုသည် ဝန်ကြီးချုပ် ရှင်ဇိုအာဘေး၊ နိုင်ငံခြားရေးဝန်ကြီးဖူမီယို ကီရှီဒါနှင့်တရားရေးဝန်ကြီးဆာဒကဇုတာနီ ကာဂီ တို့အပါအဝင်ဂျပန်နိုင်ငံမှအဆင့်မြင့် အရာရှိတော်တော်များများနှင့်တွေ့ဆုံခဲ့သည်။ *[ဒေါ်အောင်ဆန်းစုကြည်၏ဂျပန်နိုင်ငံခရီးစဉ်* ဇယားတွင်ကြည့်ပါ။]

ဧပြီလ ၁၇ ရက်နေ့ တိုကျို၌ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်က မြန်မာနိုင်ငံ၏အရေးကြီးသော လက်ရှိနိုင်ငံရေးကိစ္စအချို့နှင့်ပတ်သက်၍ ပြောဆိုခဲ့သည်။ ရိုဟင်ဂျာများ၏နိုင်ငံသားပြုမှုကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က ဦးသိန်းစိန်အစိုးရအားမြန်မာနိုင်ငံ၏နိုင်ငံသားပြုမှုဥပဒေကိုနိုင်ငံတကာစံနှုန်းများနှင့်ကိုက်ညီမှုရှိစေရန်အတွက် ပြန်လည်ပြင်ဆင်ရန်တောင်းဆိုလိုက်သည်။ ဒေါ်စုကမြန်မာနိုင်ငံမှ မွတ်စလင်များ၏အခြေအနေသည် လုံခြုံမှုကင်းမဲ့နေခြင်းကြောင့် "အလွန်ဝမ်းနည်းဖွယ်ကောင်းသောအနေအထား" ဖြစ်ပါသည်ဟုထည့်သွင်းပြောကြားခဲ့သည်။ ဒေါ်စုကသမ္မတဦးသိန်းစိန်၏ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်ကိုလည်း "စနစ်တကျဖွဲ့စည်းပုံမရှိ"၊ "အစီအစဉ်မကျ" သို့မဟုတ် "ဦးစားပေးရမည်များကိုသတ်မှတ်ထားမှုမရှိ" ပါဟုဝေဖန်ခဲ့ပါသည်။

စိုးရိမ်မှုများဆက်လက်ရှိနေဆဲဖြစ်သော်လည်း EU ကမြန်မာနိုင်ငံအပေါ်ပိတ်ဆို့မှုများဖယ်ရှားပေးခဲ့

ဧပြီလ ၂၂ ရက်နေ့တွင် ဥရောပသမဂ္ဂ၏ကောင်စီက လက်နက်ရောင်းဝယ်ဖေါက်ကားခြင်းပိတ်ဆို့မှုမှလွဲလျှင်မြန်မာနိုင်ငံအပေါ်ထားရှိထားသောကျန်ရှိနေသေးသည့်ပိတ်ဆို့မှုများအားလုံးကိုဖယ်ရှားလိုက်ပြီဖြစ်ကြောင်းကြေငြာခဲ့သည်။ EU ၏ထိုဆုံးဖြတ်ချက် သည် ၂၀၁၂ ခုနှစ်ဧပြီလအတွင်း ကောင်စီမှပိတ်ဆို့မှုများကိုရပ်ဆိုင်းထားရန်ဆုံးဖြတ်ခဲ့စဉ်ကငင်းတို့ကိုယ်တိုင်ချမှတ်ခဲ့သောမြန်မာနိုင်ငံ၏ပြုပြင်ပြောင်းလဲရေးအတွက် သတ်မှတ်ချက်စံများနှင့်ပေါ်ပေါ်တင်တင်ပင်ကိုက်ညီမှုမရှိဆန့်ကျင်လျက်ရှိပါသည်။ထိုအချိန်ကကောင်စီသည်နိုင်ငံရေးအကျဉ်းသားများအားလုံးကိုချွင်းချက်မရှိလွှတ်ပေးရန်၊ကချင်ပြည်နယ်မှပဋိပက္ခများကိုရပ်တန့်ပေးရန်၊လူသားချင်းစာနာသည့်အကူအညီများကိုတိုးမြှင့်ပေးရန်နှင့်ရိုဟင်ဂျာများအတွက်လူမှုအထောက်အကူများကိုပိုမိုပြုလုပ်ရန်စသည်တို့ကိုတောင်းဆိုခဲ့ကာ ထိုတောင်းဆိုသတ်မှတ်ချက်များကို အစိုးရသည်သိသာစွာပင်အောင်မြင်ထိရောက်အောင်မလုပ်ဆောင်သေးပေ။

တရုတ်တွင်ဦးသိန်းစိန်စီးပွားရေးအကြောင်းဆွေးနွေး

တရုတ ကုမ္ပဏီများကအကောင်အထည်ဖော်တည်ဆောက်နေသည့် အန္တရာယ်ရှိသောစီမံကိန်းများအားဆန့်ကျင်ဆန္ဒပြမှုများ ဧပြီလထဲ၌ဆက်လက်ဖြစ်ပေါ်နေစဉ်တွင် [အထက်မှ *ပိုက်လိုင်းနှင့်ကြေးနီမိုင်းအားဆန္ဒပြသူများအပေါ်အစိုးရမှဖြိုခွဲခဲ့* တွင်ကြည့်ပါ။] သမ္မတဦးသိန်းစိန်မှဧပြီလ ၅ ရက်မှ ၇ ရက်အတွင်းတရုတ်နိုင်ငံသို့သွားရောက်ခဲ့သော သူ၏ခရီးစဉ်အတွင်း၌ တရုတ်နိုင်ငံမှရင်းနှီးမြှုပ်နှံမှုများကို မြန်မာအစိုးရမှထောက်ခံပံ့ပိုးသွားပါမည်ဟုကြေငြာခဲ့သည်။ သူ၏ခရီးစဉ်

အတွင်းတွင် ဦးသိန်းစိန်သည် တရုတ်အဆင့်မြင့်နိုင်ငံရေး၊ စီးပွားရေးခေါင်းဆောင်များနှင့်တွေ့ဆုံခဲ့ပါသည်။ ဧပြီလ ၅ ရက်နေ့တွင် ဦးသိန်းစိန်သည် ရခိုင်ပြည်နယ် ကျောက်ဖြူရေနက်ဆိပ်ကမ်းအပါအဝင်မြန်မာနိုင်ငံမှတရုတ်တို့၏ အကြီးစားစီမံကိန်းများ၊ နယ်စပ်လုံခြုံရေး၊ စိုက်ပျိုးရေးကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့်ဒီဇင်ဘာလတွင်ပြုလုပ်မည့် အရှေ့တောင်အာရှအားကစားပြိုင်ပွဲအကြို တရုတ်၏နည်းပညာအကူအညီပံ့ပိုးပေးမှု စသည်တို့ကိုဆွေးနွေးနိုင်ရန် အတွက် တရုတ်သမ္မတဇီကျင်ပင်း (Xi Jinping) နှင့် ဟိုင်နန်ခရိုင် ဆန်ညာ တွင်တွေ့ဆုံခဲ့သည်။ ဧပြီလ ၆ ရက်နေ့တွင် ဦးသိန်းစိန်က ကြီးမားသောတရုတ်ကုမ္ပဏီကြီး များနှင့် စီမံကိန်းများကိုမြန်မာနိုင်ငံမှကြိုဆိုကြောင်းနှင့် တရုတ်တို့၏ ရင်းနှီးမြုပ်နှံမှုများသည် တရုတ်ရင်းနှီးမြုပ်နှံသူများကိုသာမက မြန်မာနိုင်ငံလူထုကိုလည်းအကျိုးဖြစ်ထွန်းစေပါကြောင်း ပြောကြားခဲ့သည်။

မြန်မာနှင့်အင်ဒိုနီးရှားတို့ ကုန်သွယ်ရေးနှင့်ရင်းနှီးမြုပ်နှံမှု ပိုမိုတိုးမြှင့်

အင်ဒိုနီးရှားသမ္မတဆူဆီလိုဘန်ဘင်ယူဒိုယိုနိုသည် သူ၏မြန်မာနိုင်ငံ ၂ ရက်တာခရီးစဉ်အတွင်း ဧပြီလ ၂၃ ရက်တွင် သမ္မတဦးသိန်းစိန်နှင့်နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။ သမ္မတနှစ်ဦးသည်မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ လူမှုရေးနှင့် စီးပွားရေးအခြေအနေများ နှင့် ကုန်သွယ်ရေး၊ စိုက်ပျိုးရေးနှင့်စွမ်းအင်ကဏ္ဍတို့တွင် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုအား တိုးမြှင့်ရေးတို့ကိုဆွေးနွေးခဲ့ကြသည်။ ဘက်နှစ်ဘက်တို့သည် ရင်းနှီးမြုပ်နှံမှုနှင့်ကုန်သွယ်ရေး အခြေခံသဘောတူညီချက်၊ စွမ်းရည်မြှင့်တင်ရေးတွင်ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာနှင့် ဆန်ရောင်းဝယ်ရေးနားလည်မှုစာချွန်လွှာတို့အပါအဝင် နှစ်နိုင်ငံသဘောတူညီမှုတော်တော်များများကိုလက်မှတ်ရေးထိုးခဲ့ကြသည်။ ဦးသိန်းစိန်နှင့် ဆွေးနွေးစဉ်အတွင်း အင်ဒိုနီးရှားသမ္မတကမြန်မာနိုင်ငံတွင်မကြာသေးခင်က ဖြစ်ပွားခဲ့သောမွတ်စလင်ဆန့်ကျင်ရေး အကြမ်းဖက်မှုများအပေါ် စိုးရိမ်ကြောင်းပြောကြားခဲ့သည်ဟုသတင်းရရှိသည်။ သို့သော်အင်ဒိုနီးရှားအစိုးရသည် သမ္မတ၏ခရီးစဉ်အတွင်းသမ္မတနှင့်တွေ့ဆုံရန်တောင်းဆိုခဲ့သော မြန်မာနိုင်ငံအတွင်းမှ မွတ်စလင်နှင့်ရိုဟင်ဂျာအုပ်စုများထံမှ ပန်ကြားမှုတော်တော်များများကိုပယ်ချခဲ့သည်။

စီးပွားရေး

ဖရိုဖရဲ SIM ကဒ်မဲနှိုက်ရောင်းချမှု

ဧပြီလ တတိယပတ်အတွင်းတွင် အစိုးရအာဏာပိုင်များမှ CDMA-800 MHz မိုလ်ဘိုင်းဖုန်းနက်ဝပ်များအတွက် ကြိုတင်ငွေသွင်း SIM ကဒ်၃၅၀၀၀၀ကို တကဒ်လျှင် ၁၅၀၀ ကျပ် (US ၂ ဒေါ်လာနီးပါးခန့်) နှုန်းဖြင့်နိုင်ငံအနှံ့ လူအများရှေ့တွင်မဲနှိုက်သည့်စနစ်ကိုသုံးကာ စတင်ရောင်းချပေးခဲ့သည်။ အစိုးရသည်ထိုဈေးပေါသော SIM ကဒ် ရောင်းချမှုအစီအစဉ်အားအလွန်အမင်းကြော်ငြာခဲ့သော်လည်း ထိုစတင်မှုသည်မြန်မာနိုင်ငံရှိလူအများစုကြီးမှ SIM ကဒ် များပိုမိုရရှိနိုင်စေရန်ကိုမူ မစွမ်းဆောင်နိုင်ခဲ့ပေ။ SIM ကဒ်များအားချထားပေးရာတွင် အစိုးရအာဏာပိုင်များမှသူတို့၏ ဆွေမျိုး၊ အသိမိတ်ဆွေများအားဦးစားပေးခဲ့သည်ဟူသော သတင်းများနှင့်အတူ လေ့လာသူများကထိုလုပ်ငန်းစဉ်၏ ပွင့်လင်းမြင်သာမှုမရှိခြင်းကိုဝေဖန်ခဲ့ကြသည်။ မလုံလောက်သော SIM ကဒ်များရောင်းချပေးမှု (ထိုကဒ်များ၏သုံးပုံတစ်ပုံကိုအစိုးရဝန်ထမ်းများအတွက်ဖယ်ထားသည်) ကြောင့်လူများသည်ဒေသအစိုးရရုံးများတွင် နာရီပေါင်းများစွာတန်းစီပြီး နောက်တွင် လက်ချည်းဗလာဖြင့်ပြန်ခဲ့ကြရသည်။ တော်တော်များများမဲပေါက်သူများသည် SIM ကဒ်များကိုပြန် ရောင်းခဲ့ကြရာ ကဒ်ဈေးများသည် ၂၀၀၀၀ မှ ၄၀၀၀၀ သို့လျင်မြန်စွာထိုးတက်သွားခဲ့သည်။

ဆက်သွယ်ရေး လိုင်စင်အတွက်ပြိုင်ဆိုင်မှုများပြင်းထန်လာ

ဧပြီလ ၁၁ ရက်နေ့တွင် အစိုးရဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာဝန်ကြီးဌာမှ ဆက်သွယ်ရေးလိုင်စင် လျှောက်ထားမှုလုပ်ငန်းစဉ်နောက်ဆုံးအဆင့်သို့ ရောက်ရှိလာသောနိုင်ငံတကာကုမ္ပဏီများ နှင့်ပူးပေါင်းထားသော ကုမ္ပဏီများ (Consortia) ၁၂ ခုတို့၏ အမည်များကိုကြေငြာခဲ့သည်။ *[ဆက်သွယ်ရေးလိုင်စင်အတွက် နောက်ဆုံးအဆင့်ရောက်ရှိလာသည့်ပြိုင်ဆိုင်သူများ* ဇယားတွင်ကြည့်ပါ။] လိုင်စင်များသည် ကိုင်ဆောင်ထားသူများအား ၁၅ နှစ်စာ သက်တမ်းတခုအတွက် နိုင်ငံအနှံ့မိုလ်ဘိုင်းနက်ဝပ်ကို လုပ်ကိုင်ခွင့်ရရှိမည်ဖြစ်သည်။ နောက်ဆုံးအဆင့်ရောက်လျှောက်ထားသူများသည် ဇွန်လ ၃ ရက်နေ့မတိုင်ခင်နောက်ဆုံးကမ်းလှမ်းမှုအဆိုကို တင်သွင်းရမည်ဖြစ်သည်။ အစိုးရမှဇွန်လ ၂၇ ရက်နေ့တွင် လိုင်စင်ရသည့် ယှဉ်ပြိုင်သူနှစ်ဦး၏အမည်များကို ကြေ ငြာပေးမည်ဖြစ်သည်။

ဆက်သွယ်ရေးလိုင်စင်အတွက် နောက်ဆုံးအဆင့်ရောက်ရှိလာ သည့်ပြိုင်ဆိုင်သူများ
Airtel (အိန္ဒိယ)
Axiata (မလေးရှား)
Digicel (ဂျာမေကာ) + Yoma Strategic Holdings (စင်္ကာပူ) + Quantum Strategic Group (US)
KDDI (ဂျပန်) + Sumitomo (ဂျပန်) +မြန်မာသတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးရေးကော်ပိုရေးရှင်း (မြန်မာ)+A1 ဆောက်လုပ်ရေး (မြန်မာ)
Millicom International Cellular (လူဇင်ဘတ်)
MTN (တောင်အာဖရိက) + အမရာဆက်သွယ်ရေး (မြန်မာ)
Ooredoo (ကာတာ)
Orange (ပြင်သစ်) + Marubeni (ဂျပန်)
SingTel (စင်္ကာပူ) + ကမ္ဘောဇ (မြန်မာ)+ မြန်မာတယ်လီဖုန်းကုမ္ပဏီ (မြန်မာ)
Telenor (နော်ဝေး)
Viettel Group (ဗီယက်နမ်)
Vodafone (UK) + China Mobile (တရုတ်)

လူသိများသောအစိုးရခရိုနီများသည် မြန်မာ ကုမ္ပဏီ ၅ ခုအနက် ၄ ခုကိုထိန်းချုပ်ထားကြသည်။ (အမရာဆက်သွယ်ရေး၊ ကမ္ဘောဇ၊ A1 ဆောက်လုပ်ရေးနှင့် မြန်မာသတင်းအချက်အလက်နှင့်ဆက်သွယ်ရေးနည်းပညာဖွံ့ဖြိုးရေးကော်ပိုရေးရှင်း) ထို ကုမ္ပဏီများသည် လိုင်စင်လျှောက်ရန်အတွက် နိုင်ငံခြားရင်းနှီးမြုပ်နှံသူများနှင့်ပူးပေါင်းထားကြ သည်။

ရေနံနှင့်ဓါတ်ငွေ့ရင်းနှီးမြုပ်နှံမှု

ဧပြီလတွင် အစိုးရသည်မြန်မာ့ရေနံနှင့်သဘာဝဓါတ်ငွေ့လုပ်ငန်းမှ နိုင်ငံခြားရင်းနှီးမြုပ်နှံမှုကို ဆက်လက်၍ဦးစားပေးထားဆဲဖြစ်ပါသည်။

- **ဧပြီ ၃** - အစိုးရပိုင် မြန်မာ့ရေနံနှင့်ဓါတ်ငွေ့အင်တာပရိုက်စ် (MOGE) မှကိုယ်စားလှယ်များနှင့်တောင်ကိုရီးယားမှ Daewoo International တို့သည် မြန်မာပြည်အလယ်ပိုင်း ကုန်းတွင်းရေနံနှင့်ဓါတ်ငွေ့လုပ်ကွက်နှစ်ခုတွင် ရှာဖွေရေး၊ တူးဖော်ရေးနှင့်ထုတ်လုပ်ရေးတို့အတွက် ဖြစ်နိုင်ချေရှိမှုကိုလေ့လာရန်အတွက် သဘောတူမှုစာချွန်လွှာကို နေပြည်တော်တွင်လက်မှတ်ရေးထိုးခဲ့ကြသည်။
- **ဧပြီ ၁၁** - အစိုးရသည် ကမ်းလွန်ရေနံနှင့်ဓါတ်ငွေ့လုပ်ကွက် ၃၀ တို့၏ ရှာဖွေခွင့်များအတွက်ပြိုင်ဆိုင်ကမ်းလှမ်းမှုများဖိတ်ခေါ်ခဲ့သည်။ဇွန်လ၁၄ရက်မတိုင်ခင်တွင်ကုမ္ပဏီများသည်လုပ်ကွက်သုံးကွက်အထိ၏ရှာဖွေခွင့်များကိုလျှောက်ထားနိုင်မည်ဖြစ်သည်။ရေနက်လုပ်ကွက်၁၉ခုအတွက်ပြိုင်ဆိုင်မှုအောင်မြင်သူများသည် မြန်မာကုမ္ပဏီ များ နှင့်ပူးပေါင်းလုပ်ဆောင်ရမည်မဟုတ်ပေ။ ရေတိမ်လုပ်ကွက် ၁၁ ခု၏ရှာဖွေရေးအတွက်မှုနိုင်ငံခြားရင်းနှီးမြုပ်နှံသူများသည်ဒေသခံကုမ္ပဏီများနှင့်ပူးပေါင်းလုပ်ဆောင်ရမည်ဖြစ်သည်။သို့သော် ပြိုင်ဆိုင်အောင်မြင်သူအားလုံးသည်MOGEနှင့်ထုတ်လုပ်မှုမျှဝေရေးကန်ထရိုက်ကိုပြုလုပ်ရန်လိုအပ် မည် ဖြစ်သည်။
- **ဧပြီ ၁၁** - အစိုးရက ကုန်းတွင်းရေနံလုပ်ကွက် ၁၈ ခု၏ ရှာဖွေရေးလိုင်စင်အတွက် အကြို အရည်အချင်းပြည့်သည့်ကုမ္ပဏီ၅၉ခု၏နာမည်များကိုကြေငြာခဲ့သည်။ဇန်နဝါရီလအတွင်းကစတင်ခဲ့သည့် တင်ဒါများသည် [*၂၀၁၃ခုဇန်နဝါရီမြန်မာသတင်းလွှာ*ကိုကြည့်ပါ။] နိုင်ငံခြားရင်းနှီးမြုပ်နှံသူများအား ဒေသခံ ကုမ္ပဏ ီများနှင့်ပူးပေါင်းရန် လိုအပ်မည်ဖြစ်သည်။

၁	မြန်မာအစိုးရသည် ခန့်မှန်းခြေအရပ်သားဝန်ထမ်း ၂ သန်းခန့်အတွက်လစဉ်လစာအား ၂၀၀၀၀ ကျပ် (US ၂၄ ဒေါ်လာ)တိုးမြှင့်ပေးခဲ့သည်။
၁	Union Daily, Golden Fresh Land Daily, Standard Times Daily နှင့် Voice Daily တို့သည်နှစ် ၅၀ နီးပါးကြာပြီးနောက် ပထမဦးဆုံးရောင်းချသည့် ပုဂ္ဂလိကသတင်းစာများဖြစ်ကြသည်။
၁	အဓိကဦးဆောင် ကုမ္ပဏီကြီး ၁၁ ခုတို့မှကိုယ်စားလှယ် ၆၀ ပါဝင်သည့်အင်ဒိုနီးရှားစီးပွားရေးအဖွဲ့သည် နိုင်ငံတွင်း၌စီးပွားရေးအလားအလာများအားစုံစမ်းလေ့လာရန်အတွက် မြန်မာနိုင်ငံသို့ ၃ ရက်တာခရီးစဉ်ကိုစတင်ခဲ့သည်။
၂	ကရင်ပြည်နယ်အစိုးရအရာရှိများသည် ကရင်ပြည်နယ် ဖားအံ့ရှိ မိကရင်ကျေးရွာတည်ရှိရာဒေသတွင် ဘိလပ်မြေစက်ရုံ အသစ်တခုတည်ဆောက်ရန်အစီအစဉ်ကို ဒေသခံရွာသားများနှင့်ဆွေးနွေးနိုင်ရန်အတွက် ထိုဒေသသို့သွားရောက်ခဲ့ကြသည်။
၃	အစိုးရဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုဝန်ကြီးဦးမောင်မောင်သိန်းက မြန်မာပုဂ္ဂလိကအာမခံ ကုမ္ပဏီ၁၂ ခုတို့အား ဇွန်လ ၃၀ ရက်နေ့တွင်စတင်၍အလုပ်များလုပ်ကိုင်နိုင်ရန် ခွင့်ပြုပေးခဲ့သည်ဟုကြေငြာခဲ့သည်။
၃	သမ္မတဦးသိန်းစိန်သည် နိုင်ငံအနှံ့သန်းခေါင်စာရင်းကောက်ယူရန်အစီအစဉ်၊ ဆင်းရဲမွဲတေမှုတိုက်ဖျက်ရေးအစပြုမှုများ၊ အလုပ်အကိုင်၊ ပညာရေးနှင့်ကျန်းမာရေးကဏ္ဍများနှင့်နှစ်နိုင်ငံပူးပေါင်းလုပ်ဆောင်မှုများအားတိုးမြှင့်လုပ်ဆောင်ရန်စသည်တို့ကို ဆွေးနွေးနိုင်ရန်အတွက် အမေရိကန်သမ္မတဟောင်းဂျင်မီကာတာနှင့် နေပြည်တော်တွင်တွေ့ဆုံခဲ့သည်။
၄	သမ္မတဦးသိန်းစိန်နှင့်နော်ဝေးကုန်သွယ်ရေးနှင်စက်မှုဝန်ကြီး Trond Giske တို့သည် စီးပွားရေးပူးပေါင်းလုပ်ဆောင်မှုကိစ္စများအားဆွေးနွေးရန်အတွက် နေပြည်တော်တွင်တွေ့ဆုံခဲ့ကြသည်။
၄	စင်္ကာပူကုန်သွယ်ရေးတိုးမြှင့်မှုအေဂျင်စီတခုဖြစ်သော International Enterprise Singapore မှရန်ကုန်တွင်ရုံးခန်းဖွင့်လှစ်ခဲ့သည်။
၅	အင်ဒိုနီးရှားနိုင်ငံ၊ ဆူမာတြားမြောက်ပိုင်း ဘယ်လာဝမ်ရှိ လဝက ထိန်းသိမ်းရေးစခန်းတခုတွင် မြန်မာပြည်မှရိုဟင်ဂျာများနှင့် ဗုဒ္ဓဘာသာဝင်များအကြားရန်ပွဲဖြစ်ပွားခဲ့ရာ ဗုဒ္ဓဘာသာဝင် ၈ ဦးသေဆုံးခဲ့သည်။
၅	ဩစတေးလျနိုင်ငံခြားရေးဝန်ကြီး Bob Carr က ကချင်ပြည်နယ်မှပဋိပက္ခများကိုငြိမ်းချမ်းစွာအဆုံးသတ်ပါရန်နှင့် ရခိုင်ပြည်နယ်မှဆူပူမှုပြဿနာများ၏ အဓိကအကြောင်းအရင်းကိုမြန်မာအစိုးရမှကိုင်တွယ်ဖြေရှင်းပါရန်တောင်းဆိုလိုက်သည်။
၆	ကချင်လူထုအခြေပြုအဖွဲ့အစည်း ၁၃ ခုတို့မှပူးတွဲကြေငြာချက်တစောင်ထုတ်ပြန်ခဲ့ကာ ထိုကြေငြာချက်တွင် KIO နှင့်အစိုးရအကြားဆက်လက်ပြုလုပ်မည့်ဆွေးနွေးပွဲများတွင် နိုင်ငံတကာမှလေ့လာသူများပါဝင်ရန်ကိစ္စကိုကန့်ကွက်ခဲ့သည်ဟု တရုတ်ကိုစွပ်စွဲထားသည်။
၈	မြန်မာအစိုးရနှင့် UNDP တို့သည် ၂၀၁၃ မှ ၂၀၁၅ အထိ ၃ နှစ်စာနိုင်ငံအလိုက်ပရိုဂရမ်၏ လုပ်ဆောင်မှုအစီအစဉ်ကိုလက်မှတ်ရေးထိုးခဲ့ကြကာ ထိုအစီအစဉ်အောက်တွင် UNDP သည်ဖွံ့ဖြိုးရေးအကူအညီအဖြစ် မြန်မာနိုင်ငံသို့အမေရိကန်ဒေါ်လာသန်း ၁၅၀ ထောက်ပံ့သွားမည်ဖြစ်သည်။
၈	နေပြည်တော်တွင် အစိုးရရွေးကောက်ပွဲကော်မရှင်ဥက္ကဌဦးတင်အေးနှင့်တွေ့ဆုံပွဲအတွင်း နိုင်ငံရေးပါတီ ၅၆ ခုမှကိုယ်စားလှယ်များက ရွေးကောက်ပွဲဝင်ရောက်ယှဉ်ပြိုင်သူများအတွက် မှတ်ပုံတင်ကြေး ၅ သိန်းကျပ် (US ၅၆၂ ဒေါ်လာ) ကိုလျှော့ပေးရန်တောင်းဆိုခဲ့ကြသည်။
၈	အစိုးရရွေးကောက်ပွဲကော်မရှင်ဥက္ကဌဦးတင်အေးက ရွေးကောက်ပွဲစနစ်အားအချိုးကျကိုယ်စားပြုမှုစနစ်သို့ပြောင်းလဲရန် အဆိုကို ဇွန်လတွင်နောက်တကြိမ်ကျင်းပမည့်ပါလီမန်အစည်းအဝေးတွင် ရွေးကောက်ပွဲကော်မရှင်မှတင်သွားမည်ဖြစ်ကြောင်းပြောကြားခဲ့သည်။
၉	ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံအလယ်ပိုင်းမှဘာသာရေးအကြမ်းဖက်မှုများနှင့်ပတ်သက်၍ ဆွေးနွေးရန်အတွက် မြန်မာနိုင်ငံ၏ဦးဆောင်မွတ်စလင်အဖွဲ့များမှ ကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့သည်။
၉	ADB က ၂၀၁၃-၁၄ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့စီးပွားရေးသည် ၆.၃ % မြှင့်တက်လာခဲ့ကာ ၎င်းသည်ယမန်နှစ်ကထက် ၁.၃ % ပိုမိုမြင့်တက်လာခြင်းဖြစ်သည်ဟုပြောကြားလိုက်သည်။
၉	ရိုဟင်ဂျာများအပါအဝင်မွတ်စလင်တက်ကြွလှုပ်ရှားသူ ၃၀ ပတ်ဝန်းကျင်ခန့်တို့က UNHCR နှင့် ဘန်ကောက်ရှိ အမေရိကန်နှင့် မြန်မာသံရုံးများသို့စာများပေးပို့ခဲ့ကာမြန်မာနိုင်ငံမှမွတ်စလင်များအပေါ်လူမျိုးတုန်းသတ်ဖြတ်နေခြင်းကို မြန်မာအစိုးရမှရပ်တန့်ရန်တောင်းဆိုလိုက်သည်။
၉	KHRG ကအစီရင်ခံစာတစောင်ကိုထုတ်ပြန်လိုက်ကာ ထိုအစီရင်ခံစာက ကရင်ပြည်နယ်တွင် ၂၀၁၂ ခုဩဂုတ်လနှင့် ၂၀၁၃ ခုမတ်လအကြား၌ မြေမြှုပ်မိုင်းကြောင့်အနည်းဆုံးလူ ၉ ဦးသေဆုံးခဲ့သည်ဟုဖော်ပြထားသည်။
၁၀	မြန်မာအစိုးရနိုင်ငံခြားရေးဝန်ကြီးဦးဝဏ္ဏမောင်လွင်က မြန်မာနိုင်ငံမှမူလပထမပြေးလာခဲ့ကြသည်ဟုအထောက်အထားခိုင်လုံစွာအတည်ပြုနိုင်ပါက ထိုင်းနိုင်ငံတွင်ခိုလှုံနေကြသောရိုဟင်ဂျာဒုက္ခသည်များအား မြန်မာနိုင်ငံသို့ပြန်လည်ခေါ်ဆောင်မည်ဖြစ်ကြောင်းညွှန်းဆိုပြောကြားသွားခဲ့သည်ဟု ထိုင်းနိုင်ငံခြားရေးဝန်ကြီးဆူရာပွန်တိုဝီချက်ချိုင်ကယ်ကပြောဆိုသည်။
၁၀	အစိုးရနှင့် UNFPA တို့သည် ၂၀၁၄ ခုနှစ်တနိုင်ငံလုံးသန်းခေါင်စာရင်းကောက်ယူမှုအတွက်ပြင်ဆင်သည့်အနေဖြင့် မြန်မာနိုင်ငံ

	အနံ့ရှိ မြို့နယ် ၂၀ တို့မှရွေးချယ်ထားသောကျေးရွာများတွင် အကြိုသန်းခေါင်စာရင်းကောက်ယူလေ့ကျင့်မှုရက် ၂၀ ပြုလုပ်မှုကိုအဆုံးသတ်ခဲ့သည်။
၁၁	G8 နိုင်ငံခြားရေးဝန်ကြီးများမှကြေငြာချက်တစောင်ထုတ်ပြန်ကာ မြန်မာအစိုးရမှ အကြမ်းဖက်မှုအားလုံးအဆုံးသတ်စေရန်အတွက်တိုးမြှင့်လုပ်ဆောင်ရန်၊ တိုင်းရင်းသားအုပ်စုများနှင့်ဘာသာရေးဆိုင်ရာလူနည်းစုများ၏ အခွင့်အရေးများအားလေးစားရန်နှင့်အားလုံးပါဝင်သောငြိမ်းချမ်းရေးညှိနှိုင်းမှုလုပ်ငန်းစဉ်ကိုလုပ်ဆောင်ပါရန်တောင်းဆိုလိုက်သည်။
၁၅	UK FCO ၏နှစ်စဉ်ကမ္ဘာ့လူ့အခွင့်အရေးအစီရင်ခံစာထဲတွင် ဘာသာရေးလှုံ့ဆော်မှုများကြောင့်အကြမ်းဖက်မှုများနှင့်ပိုင်ဆိုင်မှုများကိုဖျက်ဆီးမှုများ၊ နိုင်ငံရေးအကျဉ်းသားများဆက်လက်အထိန်းသိမ်းခံနေရခြင်းနှင့် အစိုးရ၏ငြိမ်းချမ်းစွာဆန္ဒပြမှုများအပေါ်ကိုင်တွယ်မှုများအပါအဝင်မြန်မာနိုင်ငံနှင့်ပတ်သက်သည့် အလွန်စိုးရိမ်ပူပန်ရမှုများကို ထည့်သွင်းဖော်ပြထားသည်။
၁၅	တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် မန္တလေးတိုင်း မေမြို့တွင်ထိုင်းဝန်ကြီးချုပ်တက်ဆင်ရှင်နာဝပ်နှင့်တွေ့ဆုံခဲ့သည်။
၁၉	တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနပြောရေးဆိုခွင့်ရှိသူက ကျောက်ဖြူ-ကူမင်းရေနံနှင့်ဓါတ်ငွေ့အပြိုင်ပိုက်လိုင်းစီမံကိန်းသည် "သိပ္ပံနည်းကျလေ့လာမှုနှင့်တင်းကြပ်သောစစ်ဆေးမှုများ" အောက်တွင်ရှိနေပြီး မြန်မာနိုင်ငံ၏ဥပဒေ၊ စည်းမျဉ်းများနှင့်လည်းကိုက်ညီပါသည်ဟုပြောကြားလိုက်သည်။
၁၉	အမေရိကန်နိုင်ငံခြားရေးဌာန၏ နှစ်စဉ်လူ့အခွင့်အရေးအစီရင်ခံစာက ၂၀၁၂ ခုမြန်မာနိုင်ငံသည် "ဒီမိုကရေစီသို့ထင်ရှားသောသမိုင်းဝင်ခြေလှမ်းများ" ကိုဆက်လက်လှမ်းနေဆဲဖြစ်သည်ဟုပြောကြားထားသော်လည်း ဆယ်စုနှစ်ငါးခုခန့်ကြာမြင့်ခဲ့သောစစ်အုပ်ချုပ်ရေးစနစ်မှ နိုင်ငံ၏အာဏာရှင်ပုံစံမှာလည်း မပျက်မယွင်းကြီးမားစွာကျန်ရစ်နေဆဲဖြစ်သည်ဟု မှတ်ချက်ပြုထားပါသည်။
၂၂	မြန်မာနိုင်ငံမှ တိုင်းရင်းသားများနှင့်ဘာသာရေးလူနည်းစုအုပ်စုများအားပစ်မှတ်ထားသည့်အကြမ်းဖက်မှုများအပေါ် အမေရိကန်မှအလွန်စိုးရိမ်ပူပန်လျက်ရှိသေးကြောင်း အမေရိကန်နိုင်ငံခြားရေးဌာနမှပြောကြားလိုက်ကာ အကြမ်းဖက်မှုများဖြစ်စေသည့်အဓိကအကြောင်းရင်းများကိုကိုင်တွယ်ဖြေရှင်းရန်၊ နောက်ထပ်ဖြစ်ပွားနိုင်မှုများကိုကာကွယ်ရန်နှင့်ထိခိုက်ခံစားခဲ့ရသောလူထုများအတွက်တရားမျှတမှုကိုဆောင်ကျဉ်းပေးပါရန် မြန်မာအစိုးရအားတောင်းဆိုလိုက်သည်။
၂၂	သမ္မတရုံးဝန်ကြီးဦးအောင်မင်းသည် နယူးယောက်မြို့တွင် နိုင်ငံတကာပဋိပက္ခအဖွဲ့ကြီးမှပေးအပ်သော 'ငြိမ်းချမ်းရေးကြိုးပမ်းမှုဆု' ကိုသမ္မတဦးသိန်းစိန်ကိုယ်စားတက်ရောက်ယူခဲ့သည်။
၂၂	သမ္မတဦးသိန်းစိန်၏ပြောရေးဆိုခွင့်ရှိသူ ဦးရဲထွတ်ကလူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) ၏အစီရင်ခံစာ "ဆုတောင်းခြင်းမှတပါးအခြားမရှိပြီ" အား "တဘက်သတ်ရေးသားထားမှု"၊ "လက်ခံနိုင်ဖွယ်မရှိ" ဟူ၍ပယ်ချခဲ့သည်။
၂၃	မြန်မာတိုင်းမ် ကိုပူးတွဲတည်ထောင်သူတဦးဖြစ်သည့် ဦးမြတ်ဆွေအားသမ္မတ၏လွတ်ငြိမ်းချမ်းသာခွင့်နှင့်အတူ အစိုးရမှလွတ်ပေးခဲ့သည်။
၂၃	ဂျပန်နိုင်ငံမှ ကျိုဒိုသတင်းအေဂျင်စီက ရန်ကုန်တွင်ရုံးခွဲတခုဖွင့်လှစ်ခဲ့သည်။
၂၃	ဇန်နဝါရီလနှင့်ဖေဖော်ဝါရီလထဲတွင် ကရင်ပြည်နယ် ဖာပွန်မြို့နယ်တွင် အခြေစိုက်သည့် BGF တပ်ရင်း ၁၀၁၃ နှင့် ၁၀၁၄ တို့က သူတို့၏စစ်စခန်းများဆောက်လုပ်ရန်အတွက်ပစ္စည်းများသယ်ပို့ရန် ဒေသခံရွာတော်တော်များများမှ ရွာသားများအားအတင်းအကြပ်ခိုင်းစေခဲ့ကြသည်ဟု ကရင်လူ့အခွင့်အရေးအဖွဲ့ (KHRG) ကပြောကြားခဲ့သည်။
၂၃	အမေရိကန်နိုင်ငံခြားရေးဌာနက မြန်မာနိုင်ငံတွင်နိုင်ငံရေးအကျဉ်းသားများအားလွှတ်ပေးခြင်းကိုကြိုဆိုလိုက်သော်လည်း ကျန်ရှိနေသေးသောနိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိလွှတ်ပေးရန်လိုအပ်နေမှုကိုလည်းအလေးထားပြောကြားလိုက်သည်။
၂၃	ရေတပ်ဦးစီးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသက်ဆွေသည် အမေရိကန်ရေတပ်သံမှူးဗိုလ်ကြီး Sean Cannon၊ ကာကွယ်ရေးသံမှူးဗိုလ်မှူးကြီး William Dickey နှင့်မြန်မာနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီး Derek Mitchell တို့နှင့်နှစ်နိုင်ငံစစ်ရေးဆက်စပ်မှုများကိုဆွေးနွေးရန်နေပြည်တော်တွင်တွေ့ဆုံခဲ့ကြသည်။
၂၄	ရန်ကုန်မြို့ တောင်ဒဂုံမြို့နယ်၌ ရဲနှင့်စစ်သားအယောက် ၁၅၀ ခန့်တို့က အာရုံဦးအချိန်တွင်ဝင်ရောက်စီးနင်းကာ လူ ၇၀ ဦးခန့်အား ၎င်းတို့၏နေအိမ်များမှ အင်အားသုံးနှင်ထုတ်ခဲ့ကြသည်။
၂၅	သမ္မတဦးသိန်းစိန်က ထားဝယ်စီမံကိန်း၊ ထိုင်းနိုင်ငံမှမြန်မာဒုက္ခသည်များကိစ္စနှင့် ထိုင်း-မြန်မာနယ်စပ်တလျှောက် စစ်ဆေးရေးဂိတ်အသစ် ၃ ခုထပ်မံဖွင့်လှစ်ရန် စသည်တို့ကိုဆွေးနွေးနိုင်ရန်အတွက် ဘရူနိုင်းတွင်ပြုလုပ်သော ၂၂ ကြိမ်မြောက်အာဆီယံထိပ်သီးအစည်းအဝေးပွဲပြင်ပတွင် ထိုင်းဝန်ကြီးချုပ်ယင်လပ်ရှင်နာဝပ်နှင့်တွေ့ဆုံခဲ့သည်။
၂၅	အမေရိကန်ကာကွယ်ရေးဌာနပြောရေးဆိုခွင့်ရှိသူ Cathy Wilkinson ကပြုပြင်ပြောင်းလဲရေးလှုပ်ရှားမှုများဆက်လက်ဖြစ်ပေါ်နေခြင်းကိုတိုးမြှင့်ပေးနိုင်ရန်အတွက် မြန်မာနိုင်ငံနှင့် "ကန့်သတ်ချိန်ညှိထားသော" စစ်ရေးဆက်ဆံမှုကိုစတင်နေပြီဖြစ်သည်ဟုပြောကြားလိုက်သည်။
၂၅	အမေရိကန် အရှေ့အာရှနှင့်ပစိဖိတ်ရေးရာယာယီလက်ထောက်ဝန်ကြီး Joseph Yun က မြန်မာနိုင်ငံနှင့် "ဖွံ့ဖြိုးစစ်စစ်ရေးဆက်ဆံမှု" ကိုထောက်ပံ့ပေးနိုင်မည့်နည်းလမ်းများကို အမေရိကန်ကစမ်းသပ်လုပ်ဆောင်နေပါသည်ဟု ပြောကြားလိုက်သည်။
၂၆	နိုင်ငံရေးပါတီ ၂၁ ပါတီမှကိုယ်စားလှယ်များနှင့်တွေ့ဆုံပွဲအတွင်းတွင် အစိုးရရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေးက

	၂၀၁၅ တွင်လွတ်လပ်၍တရားမျှတသောမဲဆန္ဒကောက်ခံမှုဖြစ်စေရန်အတွက် ရွေးကောက်ပွဲဥပဒေအားပြင်ဆင်ရန်များကို ရွေးကောက်ပွဲကော်မရှင်မှအဆိုပြုသွားမည်ဟုပြောကြားလိုက်သည်။
၂၆	ယာယီအမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် Demetrios Marantis ကယခုနှစ်ကုန်တွင်မြန်မာနိုင်ငံမှ ကုန်ပစ္စည်းထောင်ပေါင်းများစွာကို သွင်းကုန်အခွန်ကင်းလွတ်ခွင့် ဝါရှင်တန် (အမေရိကန်) မှပေးသွားမည်ဖြစ်သည်ဟုပြောကြားလိုက်သည်။
၂၆	ထိုင်း-မြန်မာနယ်စပ်တလျှောက် ငှက်ဖျားရောဂါထိန်းချုပ်ရေးစီမံကိန်းစတင်သည့် ပူးတွဲကြေငြာချက်ကို ထိုင်းနိုင်ငံ၊ USAID နှင့်မြန်မာနိုင်ငံတို့လက်မှတ်ရေးထိုးခဲ့ကြသည်။
၂၆	ရခိုင်ပြည်နယ် စစ်တွေအနီးဒုက္ခသည်စခန်းတခုမှ ရိုဟင်ဂျာပြည်တွင်းဒုက္ခသည် ၂၀၀ ခန့်တို့သည် ၎င်းတို့အား ဘင်္ဂါလီအဖြစ်မှတ်ပုံတင်ရန်ကြိုးစားခဲ့သောအစိုးရအရာရှိများအား တိုက်ခိုက်ခဲ့ကြသည်။
၂၆	အစိုးရကုန်သွယ်ရေးဝန်ကြီးဦးဝင်းမြင့်သည် နှစ်နိုင်ငံကုန်သွယ်ရေးနှင့်ရင်းနှီးမြှုပ်နှံမှုနှင့်မြန်မာနိုင်ငံအတွက် GSP စနစ်ပြန်လည်ကျင့်သုံးနိုင်ခြေရှိမှု တို့ကိုဆွေးနွေးနိုင်ရန်အတွက် ယာယီအမေရိကန်ကုန်သွယ်ရေးကိုယ်စားလှယ် Demetrios Marantis နှင့်နေပြည်တော်တွင် တွေ့ဆုံခဲ့သည်။
၂၈	ဒေါ်အောင်ဆန်းစုကြည်သည် မွန်ဂိုလီးယားနိုင်ငံ အူလန်ဘာတာ Ulaanbaatar သို့အလည်အပတ်ရောက်ရှိလာသည်။
၂၈	ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူတွင် BGF တပ်ဖွဲ့များက DKBA တပ်ဖွဲ့များအားတိုက်ခိုက်ခဲ့ကြသည်။
၂၉	ဘင်္ဂါလီအဖြစ်မှတ်ပုံတင်ခံရန် ငြင်းဆိုခဲ့ကြအပြီးတွင်အစိုးရအာဏာပိုင်များသည် ရခိုင်ပြည်နယ်အနှံ့ ရိုဟင်ဂျာများအား မှတ်ပုံတင်ခြင်းလုပ်ငန်းကို ယာယီရပ်ဆိုင်းခဲ့ရသည်။
၂၉	ရန်ကုန်မှ အလုပ်သမားသမဂ္ဂခေါင်းဆောင်များနှင့် အလုပ်သမားရေးတက်ကြွလှုပ်ရှားသူများ၏ ဖိုရမ်တခုတွင်စကားပြောကြားရာ၌ ILO ဒုတိယညွှန်ကြားရေးမှူးချုပ် Gregory Vines ကမြန်မာနိုင်ငံ၏အသစ်ပြဋ္ဌာန်းလိုက်သော အလုပ်သမားဥပဒေများနှင့်၎င်းတို့အားအသက်ဝင်ကျင့်သုံးခြင်းများတွင် "ပြဿနာအချို့" ရှိနေခဲ့သည်ဆိုသည်ကိုအသိအမှတ်ပြုပြောကြားလိုက်သည်။
၂၉	ဖေဖော်ဝါရီနှောင်းပိုင်းနှင့်မတ်လဆန်းတွင် ရှမ်းပြည်နယ်မှ UWSA တပ်များအား တရုတ်တို့က TY-90 ဝေဟင်မှဝေဟင်ပစ်ဒုံးပျံများတပ်ဆင်ထားသော Mi-17 ဟယ်လီကော်ပတာများကိုပေးပို့ခဲ့ကြောင်း IHS Jane (လုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်စသည့်နယ်ပယ်များနှင့်ပတ်သက်သည့် သတင်းအချက်အလက်များပံ့ပိုးပေးသည့်ကုမ္ပဏီ) မှအစီရင်ခံခဲ့သည်။
၃၀	နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်အတွက် အမေရိကန်ကော်မရှင်က နိုင်ငံတွင်း၌ဘာသာရေးလွတ်လပ်ခွင့်အခြေအနေများတိုးတက်လာခြင်းမရှိသေးသည့်အတွက် မြန်မာနိုင်ငံအားအထူးစိုးရိမ်ပူပန်ရသည့်နိုင်ငံများစာရင်းတွင်ဆက်လက်ထည့်သွင်းထားရန်အကြံပြုလိုက်သည်။

ဧပြီလအတွင်းထုတ်ပြန်ခဲ့သော မြန်မာနိုင်ငံနှင့်ပတ်သက်သည့်အစီရင်ခံစာများ

"မြန်မာနိုင်ငံအလယ်ပိုင်းမှမွတ်စလင်ဆန့်ကျင်ရေးအကြမ်းဖက်မှုများ"Altsean-Burma http://bit.ly/17FVfzn

"ဆုတောင်းခြင်းမှတပါးအခြားမရှိပြီ - မြန်မာနိုင်ငံရခိုင်ပြည်နယ်မှ ရိုဟင်ဂျာမွတ်စလင်များအားလူမျိုးတုံးရှင်း လင်းသတ်ဖြတ်ခြင်းနှင့်လူသားဆန်မှုကိုပျက်ယွင်းစေသောရာဇဝတ်မှုများ" လူ့အခွင့်အရေးစောင့်ကြည့်ရေးအဖွဲ့ (HRW) http://bit.ly/17cQb4p

"မြန်မာနိုင်ငံမှချင်းလူမျိုးများအပေါ်ကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုးဖောက်မှုများ ၂၀၁၁ ခုမတ်လ - ၂၀၁၃ ခုမတ်လ" ချင်းလူ့အခွင့်အရေးအဖွဲ့ (CHRO) http://bit.ly/XUsVrj

"ရှမ်းပြည်နယ် တန့်ယန်းဒေသတွင် ထိုးစစ်များဆင်ခဲ့စဉ်ကမြန်မာစစ်တပ်မှကျူးလွန်ခဲ့သော လူ့အခွင့်အရေးချိုး ဖောက်မှုများအနှစ်ချုပ် ၂၀၁၃ခုဧပြီ ၁၄-၁၅" ရှမ်းလူ့အခွင့်အရေးဖောင်ဒေးရှင်း (SHRF)
http://bit.ly/11xjTyJ

"ရှမ်းလယ်သမားများမှရွှေပိုက်လိုင်းကိုဆန့်ကျင်ကြ" မြောက်ပိုင်းရှမ်းလယ်သမားများကော်မတီ http://bit.ly/12zTfX8

"နှစ်စဉ်အစီရင်ခံစာ ၂၀၁၂ခု" မယ်တော်ဆေးခန်း http://bit.ly/12Mo7nz

"မြန်မာနိုင်ငံနှစ်စဉ်အစီရင်ခံစာ ၂၀၁၂ခု" နိုင်ငံတကာကြက်ခြေနီနှင့်လခြမ်းနီအဖွဲ့ချုပ် (IFRC) http://bit.ly/1028dRN

"မြန်မာနိုင်ငံ - မိတ္ထီလာမှလူထုကြားအကြမ်းဖက်မှုအခြေအနေအစီရင်ခံစာ နံပါတ်. ၃ (၂၀၁၃ခုနှစ်ဧပြီ ၂ ရက် အထိ)" လူသားချင်းစာနာမှုဆိုင်ရာကိစ္စများပူးပေါင်းဆောင်ရွက်မှုအတွက် UN ရုံး (OCHA) http://bit.ly/14Ivi3I

"မြန်မာနိုင်ငံ - မိတ္ထီလာမှလူထုကြားအကြမ်းဖက်မှုအခြေအနေအစီရင်ခံစာ နံပါတ်. ၄ (၂၀၁၃ခုနှစ်ဧပြီ ၉ ရက် အထိ)" လူသားချင်းစာနာမှုဆိုင်ရာကိစ္စများပူးပေါင်းဆောင်ရွက်မှုအတွက် UN ရုံး (OCHA) http://bit.ly/108HmCq

"မြန်မာနိုင်ငံ၊ ရခိုင်ပြည်နယ် - လူသားချင်းစာနာမှုဆိုင်ရာသတင်းလွှာ၊ အထူးထုတ်ဝေမှု - ၂၀၁၃ခုဧပြီ" လူသားချင်းစာနာမှုဆိုင်ရာကိစ္စများပူးပေါင်းဆောင်ရွက်မှုအတွက် UN ရုံး (OCHA) http://bit.ly/ZusT8p

"ရွှေ့ပြောင်းမှုသတင်းအချက်အလက်များမှတ်စုထုတ်ဝေမှု #၁၉ - ၂၀၁၃ခုမတ်လ" ရွှေ့ပြောင်းခြင်းအတွက်နိုင်ငံတကာ အဖွဲ့အစည်း (IOM) http://bit.ly/12M1Mp2

"၂၀၁၃ နှစ်စဉ်အစီရင်ခံစာ - မြန်မာနိုင်ငံ" နိုင်ငံတကာဘာသာရေးလွတ်လပ်ခွင့်အတွက် အမေရိကန်ကော်မရှင် (USCIRF) http://1.usa.gov/ZyNPLw

"၂၀၁၂ခုနှစ်အတွက်လူ့အခွင့်အရေးလုပ်ဆောင်မှု နိုင်ငံဆိုင်ရာအစီရင်ခံစာ - မြန်မာနိုင်ငံ" US နိုင်ငံခြားရေးဌာန http://1.usa.gov/ZHnUh4

"လူ့အခွင့်အရေးနှင့်ဒီမိုကရေစီ - ၂၀၁၂ခုနှစ်နိုင်ငံခြားရေးနှင့်ဓနသဟာယရုံးအစီရင်ခံစာ" UK နိုင်ငံခြားရေးနှင့်ဓန သဟာယရုံး (FCO) http://bit.ly/108D3XH

"ကမ္ဘာ့ရွှေ့ပြောင်းသွားသင်မှု ၂၀၁၂" နိုင်ငံတကာအိုးအိမ်မှဖယ်ရှားခံရမှုစောင့်ကြည့်ရေးစင်တာ (IMDC) http://bit.ly/Zlbb3U

"အရှေ့အာရှနှင့်ပစိဖိတ်မှအပြောင်းအလဲကာလနှင့်ဆိုင်သောစနစ်တကျရာဇဝတ်မှုများ ခြိမ်းခြောက်မှုစစ်တမ်း" ကမ္ဘာ့ကုလသမဂ္ဂမူးယစ်ဆေးဝါးနှင့်ရာဇဝတ်မှုဆိုင်ရာရုံး (UNODC) http://bit.ly/11Cu2HR